မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလကွယ်နေ့၊ ၂၀၁၀ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၀၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နေပြည်တော်-မန္တလေး ရထားခရီးစဉ်၌ ပြေးဆွဲမည့် အမြန်ရထားကို ကြည့်ရှုစစ်ဆေး

ခရီးသည်များ အဆင်ပြေစွာ စီးနင်းနိုင်ရန် စီစဉ်ထား

နေပြည်တော် ဇန်နဝါရီ ၁၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ နေပြည်တော်-မန္တလေး ရထားခရီးစဉ်၌ ပြေးဆွဲမည့် အမြန်ရထားကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ နေပြည်တော်-မန္တလေးရထားခရီးစဉ်၌ ပြေးဆွဲမည့် အမြန်ရထားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော်-မန္တလေး လေအေးစက်ပါ အမြန်ရထားကို လက်ရှိပြေးဆွဲနေသည့် အမှတ်(၂၅) အဆန် နေပြည်တော်-မန္တလေး အမြန်ရထားနှင့် အမှတ်(၂၆) အစုန် မန္တလေး-နေပြည်တော် အမြန်ရထားတွဲဆိုင်းများအစား ဇန်နဝါရီ ၁၄ရက်မှစတင်၍ အစားထိုးပြေးဆွဲမည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၄ ရက်)

ဆေးဖက်ဝင် သစ်ခွပင်များ တိုးချဲ့စိုက်ပျိုး

သစ်ခွပန်းသည် အများသူငါသိထားသကဲ့သို့ ပန်ဆင်ရန်သက်သက်မဟုတ်ဘဲ ဆေးဝါးထုတ်လုပ်ရာတွင် အသုံးဝင်သော ဆေးဖက်ဝင် အပင်တစ်မျိုးဖြစ်သည်။

ဆေးဖက်ဝင်သစ်ခွများထဲတွင် ဒင်ဒရိုဗီယမ်သစ်ခွမျိုး ၅၈မျိုးရှိပြီး မြန်မာနိုင်ငံတွင် ပြည်နယ်နှင့်တိုင်းများရှိ သဘာဝတောတောင်များ၌ သဘာဝအလျောက် ပေါက်ရောက်လေ့ရှိသည်။ ယင်းသစ်ခွမျိုးသည် ပြည်ပသို့ တင်ပို့ရောင်းချပါက ပြည်ပငွေများ အမြောက်အမြားရရှိသဖြင့် မျိုးမသုဉ်းစေရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ပြင်ဦးလွင်မြို့ ဒိုးကွင်စိုက်ပျိုးရေးခြံတွင် ပျိုးပင်များထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသည်။

ဒင်ဒရိုဗီယမ်မျိုးနွယ်သစ်ခွများတွင် ဒေါင်းမြီးသစ်ခွ၊ စက္ကူပန်းသစ်ခွ၊ အာမဲလက်တံရှည်၊ ရွှေတူမောက်ခမ်းဝါ သစ်ခွ၊ ဆင်မမြက်ကွင်း သစ်ခွ၊ မြက်သစ်ခွ၊ ချိုချဉ်သစ်ခွ၊ မြဆစ်ကြိုးသစ်ခွ၊ မဟာဒေဝီသစ်ခွ၊ ဂနိုင်နံဘေးပေါက်နှင့် ဝါဆိုပန်းသစ်ခွတို့ပါဝင်သည်။ ဒေါင်းမြီးသစ်ခွမှာ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်တို့၌ ဖြစ်ထွန်းပေါက်ရောက်သည်။

ဒေါင်းမြီးသစ်ခွ ပင်စည်ရိုးမှ အားတိုးဆေး၊ အာရုံကြောဆေးထုတ်လုပ်နိုင်ပြီး ရွှေတူမောက်ခမ်းဝါသစ်ခွမှ အားတိုးဆေးထုတ်လုပ်နိုင်သည်။ အာမဲလက်တံရှည်မှ သွေးကျဲဆေး၊ အားတိုးဆေးနှင့် စက္ကူပန်းသစ်ခွမှ အသည်းဆေးထုတ်လုပ်နိုင်ပေသည်။ စက္ကူပန်းသစ်ခွသည် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ပေါက်ရောက်လေ့ရှိသည်။

ဆေးဖက်ဝင်သစ်ခွများသည် အများအားဖြင့် ဒင်ဒရိုဗီယမ်မျိုးများဖြစ်သည်။ အများအားဖြင့် သဘာဝတောတောင်များမှ အပင်ကျန်စနစ်ဖြင့် ဝယ်ယူခြင်းဖြင့်လည်းကောင်း၊ အပင်တစ်သျှူးပျိုးပင်နှင့် သားတက်ပျိုးပင်များကို ဝယ်ယူခြင်းဖြင့်လည်းကောင်း မျိုးစုဆောင်းနိုင်သည်။

ဆေးဖက်ဝင်သစ်ခွများကို ပြင်ဦးလွင်ကဲ့သို့ အေးမြသောရာသီဥတုရှိသည့်ဒေသများ၌ တိုးချဲ့စိုက်ပျိုးသွားမည်ဆိုပါက စီးပွားဖြစ်စိုက်ပျိုးနိုင်ပြီး ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေများ ရရှိမည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံခြားငွေရရှိစေမည့် ဆေးဖက်ဝင်သစ်ခွများကို ရာသီဥတုနှင့် ကိုက်ညီသည့်ဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့ စိုက်ပျိုးမည်ဆိုပါက တောင်သူများအတွက် ဝင်ငွေများတိုးလာမည်ဖြစ်သကဲ့သို့ နိုင်ငံအတွက်လည်း အကျိုးစီးပွားဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၄-၁-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၅း၃၀ ၇။ မွေးမြူသုတ
- ၅း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၁။ လျှပ်တစ်ပြက်
- ၆း၂၅ ၁၂။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၄)
- ၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း** (အပိုင်း-၈)
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ရှေးဟောင်းသုတ
- ၁၉။ အနုပညာရှင်၏တစ်နေ့တာ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ကြည်နူးဖွယ်ရာ ပျိုကညာ** (အပိုင်း-၁)

တံတားဦး အခြေခံပညာအထက်တန်းကျောင်း အာစရိယပူဇော်

တံတားဦး ဇန်နဝါရီ ၁၃

တံတားဦး အခြေခံပညာအထက်တန်းကျောင်း (၁၉၅၃-၂၀၀၉)အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြပြီး သက်ပြည့် အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့သည့် အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက် ၉နာရီက တံတားဦး အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပသည်။

ပူဇော်ကန်တော့

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ထူးမောင်နှင့် တံတားဦးအခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးထွန်းမိုးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး အဌမအကြိမ်မြောက် အာစရိယ ပူဇော်ပွဲ ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို ပူဇော်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးရဲလင်းသူက ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူဟောင်းများက ဆရာ ဆရာမကြီးများအား ကန်တော့ကြိုးဖြင့် ပူဇော်ကန်တော့၍ ကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။ (အပေါ်ပုံ)

ဩဝါဒစကား

ဆက်လက်၍ ဆရာ ဆရာမကြီးများကိုယ်စား အငြိမ်းစား တိုင်းပညာရေးမှူး ဆရာကြီး ဦးဝင်းမြင့်က ဩဝါဒစကားနှင့် ဆုပေးစကားပြောကြား ပြီး ကျောင်းသား ကျောင်းသူဟောင်းများကိုယ်စား ဦးမောင်မောင်(ပါမောက္ခချုပ်-ငြိမ်း) ကလေးတက္ကသိုလ်က ကျေးဇူးတင်စကားပြောကြားသည်။ အခမ်းအနားတွင် အသက် ၈၀အထက် ဆရာ ဆရာမကြီး နှစ်ဦး၊ အသက် ၇၀နှင့် ၈၀ကြား ဆရာ ဆရာမကြီး ၂၂ဦး၊ အသက် ၆၀အထက် ဆရာ ဆရာမကြီး ၅၂ဦး စုစုပေါင်း ၇၆ဦးတို့အား ပူဇော်ကန်တော့ကြသည်။ (၁၁၃)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည်အစည်းအဝေး၊ အာဆီယံ အင်ဂျင်နီယာဆိုင်ရာ AFEO Honorary Followship, Honorary Membership, AER ဘွဲ့တံဆိပ်များ ပေးအပ်ပွဲ၊ အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲနှင့် ပြခန်းခင်းကျင်းပြသပွဲများကို ဇန်နဝါရီ ၁၅ရက်မှ ၁၇ရက်အထိ ရန်ကုန်မြို့ (လှိုင်မြို့နယ်) တက္ကသိုလ်များ လှိုင်နယ်မြေရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ Process & Products Show ပြခန်းများ ခင်းကျင်းပြသပွဲကို ဇန်နဝါရီ ၁၅ ရက်မှ ၁၈ရက်အထိ နံနက် ၈နာရီမှ ညနေ ၅နာရီအထိလည်းကောင်း၊ ပြခန်း များဖွင့်ပွဲ၊ စာတမ်းဖတ်ပွဲ၊ဖွင့်ပွဲနှင့် စာတမ်း ဖတ်ပွဲများကို ဇန်နဝါရီ ၁၆ရက်(စနေနေ့) နံနက် ၈နာရီခွဲမှ ညနေ ၅နာရီ အထိ လည်းကောင်း၊ နှစ်ပတ်လည် အသင်းသား စုံညီ ညီလာခံ၊ အာဆီယံ အင်ဂျင်နီယာ ဆိုင်ရာ ဘွဲ့တံဆိပ်များပေးအပ်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာ ပေးအပ်ပွဲကို ဇန်နဝါရီ ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၁နာရီခွဲအထိ လည်းကောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက် အအုံတွင် အသီးသီးကျင်းပသွားမည် ဖြစ်ရာ ပြခန်းဖွင့်လှစ် ပြသလိုသူများ အနေဖြင့် ဖုန်း- ၅၁၉၆၇၆(လိုင်းခွဲ -၁၀၄)၊ ၀၉-၅၀-၂၉၀၈၉တို့သို့လည်းကောင်း၊ Fax-၅၁၉၆၈၁၊ e-mail naingtooaung@ymail. com သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် မီးသတ်ရှေ့ ဈေးကုန်းအနောက် အမှတ်၁၂၆နေ မအေးအေးလှိုင်၏ အသက် (၂၈) နှစ်ပြည့် မွေးနေ့အလှူအဖြစ် မိဘနှစ်ပါးအားအမှူးထား၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) ရပ်ကွက် အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာ ရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

အမှတ်(၅/ခ)အောင်မင်္ဂလာလမ်း (၄)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ ကိုမျိုးနိုင်-မခင်သစ်လွင်တို့၏ (၂၃)နှစ်မြောက် နှစ်ပတ်လည် မင်္ဂလာအထိမ်းအမှတ်အဖြစ် ဗဟန်းမြို့နယ် ဧဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မငွေပဒေသာပင် အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(သတင်းစဉ်)

နေပြည်တော် သာဝတ္ထိအထက ကျောင်းသားဟောင်းများ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၃

နေပြည်တော် သာဝတ္ထိအထက ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယ အကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပရေးအတွက် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၁ရက်က အဆိုပါကျောင်း၌ကျင်းပရာ ကျောင်းသားဟောင်းများဖြစ်ကြသည့် ကိုသိန်းအောင်-မလွင်မာသန့် မိသားစုက မတည်လှူဒါန်းငွေကျပ် သိန်း ၂၀ကို မြတ်ဆရာပူဇော်ကန်တော့ပွဲ ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းဇော်ဝင်းထံ ပေးအပ်သည်။

မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၃၀ရက်(စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ယခင်နှစ်များက ကန်တော့ခံဖိတ်ကြားထားသည့် ဆရာ ဆရာမကြီး ၈၄ဦးနှင့် ကျောင်းသားဟောင်းများအားလုံး မပျက်မကွက်တက်ရောက် ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ မြတ်ဆရာ ပူဇော်ပွဲအတွက် လှူဒါန်းလိုသူများသည် ကိုဇော်မင်းနိုင် (ပိုင်းကဖေး) ဖုန်း- ၀၆၇-၆၅၀၁၅၊ ကိုသက်ခိုင်(ခိုင်သဇင်) ဖုန်း-၀၆၇-၆၅၀၅၆၊ ဒေါက်တာ သန်းဇော်ဝင်း (ဧကရာဇ်ဆေးခန်း)ဖုန်း- ၀၆၇-၆၅၁၆၄၊ မဝင်းဝင်းသွယ် (မုန့်ဆိုင်) ဖုန်း-၀၆၇-၆၅၀၄၇၊ ကိုဇော်အောင် (သတင်းထောက်) ဖုန်း-၀၆၇-၆၀၀၀၃၊ ကိုဆန်းဝင်း ဖုန်း-၀၉-၅၁-၃၈၃၃၂နှင့် မခင်လှဝင်း ဖုန်း-၀၉-၆၈-၀၁၀၉၄တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျေးလက်မီးလင်းရေး ကွင်းဆင်းဆောင်ရွက်

ပုလဲ ဇန်နဝါရီ ၁၃

ပုလဲမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးသည် မြို့နယ်လျှပ်စစ်မှူး ဦးအောင်နိုင်ဦး လိုက်ပါလျက် မြောက်ယမားရေကူတမံအနီး ရွှေပြောင်းကျေးရွာများ လျှပ်စစ်မီးလင်းရေးလုပ်ငန်းခွင်သို့ ဒီဇင်ဘာ ၂၅ရက်က သွားရောက်၍ လုပ်ငန်းများကြီးကြပ်ဆောင်ရွက်သည်။

ပုလဲမြို့နယ် ဖလံပင်ကျေးရွာအနီးရှိ မြောက်ယမားရေကူတမံမှ ၂၅၀ကေဗွီအေ အားရှိသည့် ရေအားလျှပ်စစ်ထုတ်ယူရန် ရွှေပြောင်းရွာများဖြစ်သည့် ဖလံပင်၊ မိုးကောင်း၊ ရှားတော၊ အေးချမ်းသာ၊ သဲပြင်ကျယ်ကျေးရွာ ငါးရွာသို့ ဓာတ်အားဖြန့်ဖြူးပေးမည် ဖြစ်ကြောင်းသိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

လဟယ်-နန်းယွန်း မော်တော်ကားလမ်း (၉၈/၁)မိုင် ဖွင့်ပွဲအခမ်းအနား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး တက်ရောက်အားပေး

နေပြည်တော် ဇန်နဝါရီ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်း ခန္တီးခရိုင် လဟယ်မြို့၌ ကျင်းပသည့် လဟယ်-နန်းယွန်း မော်တော်ကားလမ်း (၉၈/၁)မိုင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် နာဂတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့အတူ လဟယ်-နန်းယွန်းလမ်း၏ နန်းယွန်းလမ်းပိုင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၀ရက် နံနက်ပိုင်းက နန်းယွန်းမြို့ ယု၀ရပ်ကွက်ရှိ အဆိုပါလမ်းသစ် မုခ်ဦးနေရာ၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း တက်ရောက်ဖွင့်လှစ်ပေးပြီး လမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ခန္တီးခရိုင်အတွင်းရှိ လဟယ်-နန်းယွန်းလမ်း ဖောက်လုပ်ပြီးစီးမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကာ စန်တုံကျေးရွာ၌ ဒေသခံပြည်သူများအား တွေ့ဆုံ၍ အဝတ်အထည်နှင့် ဆေးဝါးများ ပေးအပ်သည်။

ဆက်လက်၍ ရန်စီကျေးရွာ၌ ဒေသခံပြည်သူများအား တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးအား လဟယ်-နန်းယွန်းလမ်း ရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းနှင့် တာဝန်ရှိသူများက လဟယ်-နန်းယွန်းလမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် လဟယ်-နန်းယွန်း လမ်းပိုင်းရှိ နာဂတိုင်းရင်းသားကျေးရွာမှ ဒေသခံပြည်သူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက်ရောက်အားပေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး လဟယ်-နန်းယွန်း မော်တော်ကားလမ်း (၉၈/၁)မိုင် ဖွင့်ပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ပေါင်မြို့နယ်လုံးကျွတ် စာကြည့်တိုက်များ ဖြစ်မြောက်ရေး ဆွေးနွေးပွဲကျင်းပ

ပေါင် ဇန်နဝါရီ ၁၃

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ကျေးရွာစာကြည့်တိုက်များ မြို့နယ်လုံးကျွတ် ဖွင့်လှစ်နိုင်ရေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၅ရက် နံနက်က ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးက မြို့နယ်လုံးကျွတ် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးတိုက်တွန်းမှာကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက ဖွင့်လှစ်ရန် ကျန်ရှိသော ကျေးရွာဥက္ကဋ္ဌများအား မြို့နယ်လုံးကျွတ် ဖွင့်လှစ်နိုင်ရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးပြီး တက်ရောက်လာကြသော ကျေးရွာဥက္ကဋ္ဌများက စံ(၅)ရပ်နှင့် ကိုက်ညီမှုရှိသော ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြန်လည်ဆွေးနွေး တင်ပြကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး ဝမ်းတွင်း၌ သရုပ်ပြ

ဝမ်းတွင်း ဇန်နဝါရီ ၁၃

ဝမ်းတွင်းမြို့နယ် မြန်မာ့ရေနံထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီ အရောင်းဆိုင်အမှတ် ၀၃၇၂တွင် ဒီဇင်ဘာ ၁၅ရက် နံနက် ၉နာရီက မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက စက်သုံးဆီဆိုင် မီးဘေးကြိုတင်ကာကွယ်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို လိုက်လံစစ်ဆေးရာ မြို့နယ်မီးသတ်ဦးစီးဌာနမှူးက ရေနံ၊လောင်စာဆီနှင့် ပတ်သက်၍မီးလောင်ကျွမ်းနိုင်မှုအခြေအနေများနှင့် မီးသတ်ဆေးဘူးဖြင့် ကြိုတင်ကာကွယ်ရေး နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်ကျွမ်းမှုကို ဆီမီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ ငြိမ်းသတ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း အကြိမ်(၃၀)မြောက် ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

အကြိမ်(၃၀)မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းညီလာခံနှင့် 11th FDI-MDA Joint Educational Meeting ကို ဇန်နဝါရီ ၂၇ရက်မှ ၃၀ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Sedona Hotel Bahan Room တွင် ကျင်းပမည်ဖြစ်သည်။ အခမ်းအနားသို့ တက်ရောက်လိုသော သွားနှင့်ခံတွင်း ဆရာဝန်များသည် ဇန်နဝါရီ ၂၅ရက်နှင့် ၂၆ရက်တို့၌ နံနက် ၉နာရီမှ မွန်းလွဲ ၂နာရီအတွင်း အဆိုပါဟိုတယ် Bahan Room ၌ လာရောက် ကြိုတင်မှတ်ပုံတင်စာရင်းပေးသွင်းနိုင်သည်။ ညီလာခံတွင် စာတမ်းဖတ်ပွဲများ၊ သက်ကြီးပူဇော်ပွဲ၊ အားကစားပြိုင်ပွဲ၊ (၁၆)ကြိမ်မြောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီသစ် ရွေးချယ်တင်မြှောက်ပွဲ၊ ညစာစားပွဲ၊ ဆေးကုမ္ပဏီပြခန်းနှင့် အရောင်းဆိုင်များ ပါဝင်မည်ဖြစ်သည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများ အသိပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ အမှတ် (၄) ယာဉ်ထိန်းနယ်မြေမှူး ဒုတိယရဲမှူး ခင်မောင်နှင့် အဖွဲ့သည် ဇန်နဝါရီ ၁၂ရက် ညနေ ၆နာရီခွဲက မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလ (စံပြ)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြော ဆွေးနွေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ တနိုင်းတွင်ကျင်းပ

တနိုင်း ဇန်နဝါရီ ၁၃

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ (၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်က တနိုင်းမြို့ လွတ်လပ်ရေး ကျောက်တိုင်ရှေ့၌ ကျင်းပရာ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား စစ်ရေးပြအစီအစဉ် အတိုင်း အလေးပြုကြသည်။

ဆက်လက်၍ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို နံနက် ၇နာရီတွင် တနိုင်းမြို့ လွတ်လပ်ရေး ကျောက်တိုင်ကွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ယာယီဥက္ကဋ္ဌမြို့နယ် ဒုတိယရဲမှူးကံပိုက ဖတ်ကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

သရုပ်ပြလေ့ကျင့်

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ဟောပြောပို့ချခြင်း၊ သရုပ်ပြလေ့ကျင့်ခြင်းကို ရွှေပြည်သာဈေးနှင့် မြို့သစ်ဈေးတို့တွင် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ ဒီဇင်ဘာ ၁၃ရက်က သရုပ်ပြလေ့ကျင့်ရာ ဧရာဝတီတိုင်း မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

Computer Networking With CCNA တန်းခွဲသစ်ဖွင့်မည်

NetInfo
Complete ICT Solution Provider

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာ့ ICT ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတကာ၌ တွင်ကျယ်စွာ အသုံးပြုနေသော Networking Certificate တစ်ခုဖြစ်သည့် CCNA သင်တန်း တန်းခွဲသစ်ကို NetInfo နည်းပညာသင်တန်းကျောင်းက ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

ဖွင့်လှစ်ရခြင်းဖြစ်

Computer Networking ကို လေ့လာနေသူများအတွက် CCNA ကို မဖြစ်မနေ ရယူကြကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများလည်းရှိကြောင်း၊ ခေါက်လအတွင်း Professional တစ်ယောက်အဖြစ် ရပ်တည်နိုင်ကြောင်း စသည်တို့ကြောင့် မြန်မာလူငယ်များအတွင်း CCNA လက်မှတ်ကို နှစ်သက်ကြသည်။ သင်ရိုးညွှန်းတမ်းကို သေချာစွာမသိခြင်း၊ အသုံးပြုရမည့် Software Simulation များကို ကောင်းစွာ အသုံးမချနိုင်ခြင်း၊ မေးခွန်းပုံစံများကို လေ့လာရုံဖြင့် ဖြေဆိုရန်မလုံလောက်ခြင်း၊ သင်ထောက်ကူပစ္စည်းများ မသုံးနိုင်ခြင်းတို့ကြောင့် CCNA ကို သင်ယူရန် အခက်အခဲဖြစ်နေခြင်းတို့ကို ဖြေရှင်းနိုင်ရန် ရည်ရွယ်၍ CCNA သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရှိရသည်။

သင်တန်းတွင် လေ့ကျင့်ပေးသော သင်ထောက်ကူပစ္စည်းများမှာ နိုင်ငံတကာအဆင့်မီ Cisco Router(9)ခုနှင့် Cisco Switch (7) ခုအသုံးပြု၍ သင်ကြားပေးသဖြင့် ပြည်ပတွင် လက်တွေ့လုပ်ငန်းခွင်ဝင်ရောက်သည့် အတွေ့အကြုံများကိုရရှိစေမည်ဖြစ်သည်။ အမှန်တကယ် တတ်မြောက်နိုင်ရန် Cisco Lab အသုံးပြုလေ့ကျင့်ပေးသဖြင့် နိုင်ငံတကာအဆင့်မီ Computer Network ပညာရှင်ဖြစ်ရုံမက Cisco က ပေးအပ်သော Cisco Certified Network Associate Certificate စာမေးပွဲဖြေဆိုရန် အဆင်သင့် ဖြစ်မည်ဖြစ်သည်။ ယင်းသင်တန်းသည် ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ ကျောင်းသားများ၊ IDCS, IAD တက်ရောက်ဆဲ၊ တက်ရောက်ပြီးသူများ၊ Networking ကို Professional အဖြစ်ရွေးချယ်ထားသူများ၊ ပြည်ပ၌ အလုပ်လုပ်ကိုင်လိုသူများ တက်ရောက်သင့်သည်။

ဆက်သွယ်နိုင်

အဆိုပါသင်တန်းကို ဇန်နဝါရီ ၁၆ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်း ကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ်နှစ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် တက်ရောက်သင်ကြားရမည်ဖြစ်သည်။ စိတ်ဝင်စားသူများသည် NetInfo နည်းပညာသင်တန်းကျောင်း အဆောင်(၂) အခန်း(၁) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၅၀၇၀၄၅နှင့် ၆၅၂၂၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

အထူးသဖြင့် အမျိုးသားများတွင် နေ့စဉ် ကိုယ်လက်လေ့ကျင့်ခန်းကို သီတင်း တစ်ပတ်လျှင် ၂၇ ကြိမ်ခန့် ပြုလုပ်ပေးပါက အူမကြီးကင်ဆာဖြစ်ပွားမှု ၅၀ရာခိုင်နှုန်း ကျဆင်းကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

လေ့လာ

ကိုယ်လက်လေ့ကျင့်ခန်းမျိုးစုံအနက် နှစ်သက်ရာ ကိုယ်လက်လေ့ကျင့်ခန်း တစ်မျိုးကို ပုံမှန်ပြုလုပ်သူများအား နှစ်နှစ်ကြာ သုတေသနပြုလေ့လာခဲ့ရာ အူမကြီး ကင်ဆာဖြစ်ပွားမှု မတွေ့ရှိရကြောင်း ၎င်းတို့က ပြောကြားသည်။

ကင်ဆာရောဂါဖြင့် သေဆုံးသူ ၂၅၈ ဦးကို လေ့လာခဲ့ရာ ၈၈ ဦးသည် အူမကြီး ကင်ဆာကြောင့် သေဆုံးရသူများဖြစ်ပြီး ၎င်းတို့သည် ကိုယ်လက်လေ့ကျင့်ခန်း မပြုလုပ်သူများဖြစ်ကြောင်း တွေ့ရှိရသည်ဟု ဗြိတိသျှဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

သံတောင်မြို့နယ်၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် အပြစ်မဲ့ အရပ်သားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၁၃

ကရင်ပြည်နယ် သံတောင်မြို့နယ် မြောင်းဦးကျေးရွာနေ ဦးတင်ဝင်း(ခ) ဦးမောလဲ (၄၅)နှစ်သည် အဖော်များနှင့် အတူ ဇန်နဝါရီ ၈ရက် ညနေ ၄နာရီခန့်တွင် မုန်းချောင်း၌ ငါးလာဖမ်းစဉ် ဖောင်ဆိပ်ရွာဟောင်းသွား လှည်းလမ်း ချောင်းဘေးသောင်ခုံပေါ်၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲသဖြင့် ယာခြေမျက်စိအောက် ပြတ်တောက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဦးတင်ဝင်းအား မုန်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ကုသပေးလျက်ရှိပြီး ဒေသအာဏာပိုင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘာဆာရာ၌ လက်လုပ်ဗုံးပေါက်ကွဲ အရပ်သားတစ်ဦး သေဆုံး

ဘာဆာရာ ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံ ဘာဆာရာမြို့အနောက်ပိုင်း၌ ဇန်နဝါရီ ၁၂ရက်က လက်လုပ်ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သားတစ်ဦးသေဆုံးပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံး

ဘာဆာရာမြို့ အနောက်ပိုင်းမှာ အယ်လ်ခိုင်ဒါအကြမ်းဖက်သမားအများစု ခိုအောင်းရာနေရာဖြစ်ကြောင်း၊ နေအိမ်တစ်အိမ်အတွင်းမှ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ယင်းပေါက်ကွဲမှုကြောင့် အလုပ်သမားတစ်ဦးသေဆုံးပြီး နေအိမ်ပိုင်ရှင်မှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အမေရိကန်၊ ဗြိတိန်နှင့်အစ္စရေးတို့ ယီမင်အား အာဖဂန်အဖြစ်မျိုးဖန်တီးနေ

တီဟီရန် ဇန်နဝါရီ ၁၃

ယီမင်နိုင်ငံအား အာဖဂန်နစ္စတန်နိုင်ငံအဖြစ်မျိုး ကျရောက်အောင် အမေရိကန်၊ ဗြိတိန်နှင့်အစ္စရေးနိုင်ငံတို့က လုပ်ဆောင်လျက်ရှိကြောင်း၊ အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီက ပြောကြားကြောင်း ဇန်နဝါရီ ၁၂ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

တိုက်ခိုက်လို

အမေရိကန်၊ ဗြိတိန်နှင့်အစ္စရေးနိုင်ငံတို့သည် အီရတ်၊ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ပြီးလျှင် ယီမင်နိုင်ငံအား တိုက်ခိုက်လိုကြကြောင်း ဇန်နဝါရီ ၁၂ရက်တွင် တီဟီရန်မြို့ အီမမ်ဆာဒီးတက္ကသိုလ်၌ မိန့်ခွန်းပြောကြားစဉ် မော့တာကီက ပြောကြားခဲ့ခြင်းဖြစ်သည်။

အကြမ်းဖက်သမားများနှင့် အယ်လ်ခိုင်ဒါတပ်ဖွဲ့ဝင်များအား ချေမှုန်းပစ်ရမည်ဟူသော အကြောင်းပြချက်ဖြင့် ထိုသုံးနိုင်ငံတို့က ယီမင်နိုင်ငံအား ကျူးကျော်သိမ်းပိုက်ကြလိမ့်မည်ဖြစ်ကြောင်း မော့တာကီက ထပ်လောင်းပြောကြားသည်။

သဘောတူညီ

ယီမင်နှင့်ဆိုမာလီယာနိုင်ငံတို့ရှိ အကြမ်းဖက်သမားများအား တိုက်ထုတ်ရန် ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒွန်ဘရောင်းနှင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားတို့က ယခုလအစောပိုင်းတွင် သဘောတူညီခဲ့ကြသည်။

အမေရိကန်အနေဖြင့် ယီမင်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားရန် အမေရိကန်အထူးတပ်ဖွဲ့ဝင်များအား စေလွှတ်ထားပြီး ယီမင်မြောက်ပိုင်းနှင့်တောင်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများဆင်နွှဲကာ ယီမင်အရေး၌ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်စွက်ဖက်နေသည်ဟု အဆိုပါသတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ဟေတီကျွန်းတွင် အင်အားပြင်းထန်သည့် မြေငလျင်ကြီးလှုပ်သွား သေကျေပျက်စီးဆုံးရှုံးမှု အမြောက်အမြားရှိ

ဂျီနီဗာ ဇန်နဝါရီ ၁၃

သေးငယ်သည့် ကျွန်းနိုင်ငံလေးတစ်နိုင်ငံဖြစ်သော ဟေတီနိုင်ငံတွင် အင်အားပြင်းသည့် ငလျင်တစ်ခုလှုပ်သွားသဖြင့် ဟေတီနိုင်ငံရှိ ကုလသမဂ္ဂမစ်ရှင်အဖွဲ့ဌာနချုပ်ရုံးမှာ ဆိုးဆိုးရွားရွား ပျက်စီးသွားရကြောင်း (အောက်ပုံ) ကုလသမဂ္ဂက ဇန်နဝါရီ ၁၂ရက်ည၌ အတည်ပြုပြောကြားသည်။

မြေငလျင်လှုပ်သွားစဉ်က မရေတွက်နိုင်သော လူသေအလောင်း အမြောက်အမြား တွေ့ရှိရကြောင်း ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် အာလင်လီရွိုင်းက ကြေညာချက်တစ်ရပ် ထုတ်ပြန်ရာတွင် ထည့်သွင်းဖော်ပြထားသည်။

အတည်ပြု

ဟေတီနိုင်ငံ ပို့အော်ပရင့်စ်မြို့ရှိ ဟေတီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ တည်ငြိမ်မှု ထိန်းသိမ်းရေးမစ်ရှင်ဌာနချုပ်သည် အခြားကုလသမဂ္ဂအဆောက်အအုံများနှင့်အတူ ဆိုးဆိုးရွားရွား ပျက်စီးသွားခဲ့ကြောင်း ကုလသမဂ္ဂအနေဖြင့် အတည်ပြု ပြောကြားသွားသည်။

မက္ကဆီကိုစီးတီးမှ ဇန်နဝါရီ ၁၂ရက်က ထပ်မံပေးပို့သည့် သတင်း၌လည်း ဟေတီနိုင်ငံတွင် ယင်းနေ့တွင် ပြင်းထန်သည့် မြေငလျင်ကြီးတစ်ခုလှုပ်သွားကြောင်း၊ ဟေတီနိုင်ငံတွင် အလွန်ကြီးမားလှသော ကပ်ဘေးကြီး ရုတ်တရက်ကျရောက်ခြင်းဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုများပြားလှကြောင်း၊ ကြောက်မက်ဖွယ်ကောင်းလှကြောင်း၊ သို့ရာတွင် လောလောဆယ် ပျက်စီးဆုံးရှုံးမှုနှင့်ပတ်သက်၍ တရားဝင်သတင်းများ မရရှိသေးကြောင်း၊ မြေငလျင်မှာ အင်အားရစ်ချ်တာစကေး ၇ဒသမ၀ အဆင့်ရှိကြောင်း၊ ဟေတီနိုင်ငံတွင် ယခင်ကဖြစ်ပွားခဲ့သော မြေငလျင်မှတ်တမ်းအရ အပြင်းထန်ဆုံးဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာသတင်းများ၌ ဖော်ပြထားသည်။

ပျက်စီး

မြေငလျင်ကြောင့် ပို့အော်ပရင့်စ်ခရိုင် တောင်စောင်းရှိ ဆေးရုံတစ်ရုံ၊ သမ္မတနန်းတော်၊ ဘဏ္ဍာရေးနှင့်ပြည်သူ့လုပ်ငန်းဝန်ကြီးဌာန အဆောက်အအုံများ၊ လွှတ်တော်အဆောက်အအုံများ အပါအဝင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ ပျက်စီးသွားခဲ့ရကြောင်း သတင်းများ၌ ဖော်ပြသည်။

အဆောက်အအုံအမြောက်အမြား ပျက်စီးသွားရကြောင်း၊ ကြောက်ရွံ့တုန်လှုပ်နေသော ပြည်သူများသည် ပျောက်ဆုံးနေသော ယင်းတို့၏မိသားစုများနှင့် ဆွေမျိုးသားချင်းများကို အုတ်ကျိုးအုတ်ပဲ့များကြားမှ ရှာဖွေနေကြသည်ကို တွေ့ရကြောင်းဖြင့်လည်း မျက်မြင်သက်သေများက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အာဖဂန်နစ္စတန်၌ ကန်တပ်ဖွဲ့ဝင် သုံးဦး ထပ်မံသေဆုံး

ကဘူးလ် ဇန်နဝါရီ ၁၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဇန်နဝါရီ ၁၁ရက်က သေဆုံးကြောင်း နိုင်ငံတကာလုံခြုံရေးကူညီမှုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)က ကြေညာသည်။

ကြေညာ

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ ရန်သူများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားစဉ် ဇန်နဝါရီ ၁၁ရက် မွန်းလွဲပိုင်းက အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားခြင်းဖြစ်သည်ဟု ကြေညာချက်၌ ဆက်လက်ဖော်ပြထားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၁၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ် ဒီယာလာပြည်နယ်၌ ဗုံးပေါက်ကွဲ တပ်ဖွဲ့ဝင်များသေဆုံး

ဘာကူဘာ ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ဒီယာလာပြည်နယ်၌ ဇန်နဝါရီ ၁၂ရက်က ကားဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး အခြားငါးဦးဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် အဆိုပါဒေသ၌ လုံခြုံရေးကင်းလှည့်တပ်ဖွဲ့အနီး ဖြတ်သန်းမောင်းနှင်လာသည့်ကားမှ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

ရင်ဆိုင်နေရ

၂၀၀၃ခုနှစ်မှစတင်ကာ အမေရိကန်ဦးဆောင်သောတပ်များ ကျူးကျော်ဝင်ရောက်ကတည်းက အမေရိကန်နှင့် အီရတ်တပ်ဖွဲ့တို့ ပူးပေါင်းစစ်ဆင်ရေး ပြုလုပ်နေသည့်ကြားမှပင် ယင်းဖောက်ခွဲတိုက်ခိုက်မှုများကြောင့် အီရတ်ပြည်သူများ လူမှုဒုက္ခရင်ဆိုင်ကြရသည်။

အဆက်မပြတ်

အီရန်နိုင်ငံ အရှေ့ပိုင်းနယ်စပ်ဒေသတစ်လျှောက်၌ အယ်လ်ခိုင်ဒါစစ်သွေးကြွများနှင့် အခြားသောအကြမ်းဖက်အုပ်စုများက ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းဒေသများတွင် ဖောက်ခွဲတိုက်ခိုက်မှုများ အဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။ **(အင်တာနက်)**

အီရတ်–အာဖဂန် သတင်းများ

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့ရှိ အစိုးရရုံးစိုက်ရာအရပ်၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားရာ ပျက်စီးသွားသည့် အဆောက်အအုံကို ဇန်နဝါရီ ၁၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ နေတိုးတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး အများစုမှာ အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်

ကဘူးလ် ဇန်နဝါရီ ၁၃

အာဖဂန်နစ္စတန်နိုင်ငံ၌ ထပ်မံဖြစ်ပွားသော တိုက်ပွဲများအတွင်း ဇန်နဝါရီ ၁၁ရက်မှာ နေတိုးတပ်ဖွဲ့ဝင်သေဆုံးမှု အများဆုံးနေ့တစ်နေ့ဖြစ်ကြောင်း၊ ယင်းနေ့ တစ်ရက်တည်း၌ပင် နေတိုးတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးကြောင်း၊ အများစုမှာ အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်ကြောင်း အင်တာနက်သတင်းတွင် ပါရှိသည်။

ဟယ်လ်မန့်ပြည်နယ် မူဆာကာလက်ဒေသတွင် ပေါက်ကွဲမှုကြောင့် ဗုံးကျွမ်းကျင်ပညာရှင် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့သည်။

ထိုနေ့ စောစောပိုင်းကလည်း အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းစစ်ဆင်ရေးအတွင်း အကြမ်းဖက်သမားများနှင့် အပြန်အလှန်ပစ်ခတ်ရာမှ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်ဟု အမေရိကန်စစ်ဘက်က သတင်းထုတ်ပြန်သည်။

ပစ်ခတ်

ကာပီဆာပြည်နယ်၌လည်း အာဖဂန်တပ်ဖွဲ့ဝင်များနှင့် ပူးတွဲတာဝန်ထမ်းဆောင်နေသည့် ပြင်သစ်တပ်ဖွဲ့ဝင်တစ်ဦးမှာ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ **(အင်တာနက်)**

အာဖဂန်မြောက်ပိုင်း၌ စစ်သွေးကြွများလက်နက်ချ

ကဘူးလ် ဇန်နဝါရီ ၁၃

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဘာဂါလန်ပြည်နယ်၌ ဇန်နဝါရီ ၁၁ရက်က တာလီဘန်အဖွဲ့ကို သစ္စာခံထားသော စစ်သွေးကြွ ၂၃ဦး လက်နက်ချအညံ့ခံလာကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ပြောကြား

ယင်းသို့ စစ်သွေးကြွများ လက်နက်ချပြီးနောက်ပိုင်း အန်ဒရာဘတ်ဒေသနှင့် အနီးဝန်းကျင်ဒေသများကို အာဖဂန်အစိုးရက လုံခြုံရေးတင်းကျပ်ခဲ့သည်ဟု ဘာဂါလန်ပြည်နယ် အုပ်ချုပ်ရေးမှူးမိုဟာမက်အက္ကဘာဘာရစ်ဇီက ပြောကြားသည်။

အဆိုပါ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ တာလီဘန်တို့က မည်သို့မျှ တုံ့ပြန်ပြောကြားခြင်း မရှိပေ။ **အမ်အင်န်အေ၊ဆင်ဟွာ**

မိုဆူးလ်မြို့ တောင်ပိုင်း၌ နေအိမ်ဗုံးကျည်ထိမှန်

မိုဆူးလ် ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံ မိုဆူးလ်မြို့တောင်ပိုင်း၌ ဇန်နဝါရီ ၁၂ရက် မွန်းလွဲပိုင်းက လူနေအိမ်တစ်လုံး ဒုံးကျည်ထိမှန်ကာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ပစ်ခတ်

ဒုံးကျည်ထိမှန်မှုကြောင့် နေအိမ်များ ပျက်စီးသွားခဲ့သော်လည်း သေဆုံးဒဏ်ရာရမှု ဖြစ်ပေါ်ခြင်းမရှိခဲ့ကြောင်း၊ အကြမ်းဖက်သမားများက ဒုံးကျည်ဖြင့်အဝေးမှ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဖောက်ခွဲရေးပစ္စည်းများ ဘဂ္ဂဒက်၌ သိမ်းဆည်းရမိ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဇန်နဝါရီ ၁၂ရက်က ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးတစ်ရပ်တွင် ဖောက်ခွဲရေးပစ္စည်း အမြောက်အမြားကို သိမ်းဆည်းရမိခဲ့ကြောင်း အီရတ်လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

သိမ်းဆည်းရရှိခဲ့သည့်ပစ္စည်းများတွင် မော်တာကျည်ဆန် ၆၀၊ အမိုနီယံနိုက်ထရိတ် လီတာ ၂၅၀နှင့် အခြားဖောက်ခွဲရေးသုံးပစ္စည်းများပါဝင်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၃

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၁၃ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၉၉၃၁ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၃၆၉၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၆၉၉၉၃၁ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၃၆၉၈ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် ဇန်နဝါရီ ၁၃

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၁၃ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၄၃၉ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၈၁၇၁ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၄၃၉ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၃၈၁၇၁ ဦး

(အင်တာနက်)

လေယာဉ်စီး ခရီးသည်များ မက္ကဆီကိုသို့ လာရောက်မှုလျော့ကျ

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၁၃

၂၀၀၉ ခုနှစ်တွင် မက္ကဆီကိုလေဆိပ်များသို့ ရောက်ရှိလာသည့် လေယာဉ်စီးခရီးသည်ဦးရေမှာ လွန်ခဲ့သည့်နှစ် အလားတူ ကာလကထက် ၁၈ဒသမ၁ရာခိုင်နှုန်း ကျဆင်းသွားကြောင်း မက္ကဆီကို ထိပ်တန်းလေဆိပ်က ဇန်နဝါရီ ၁၁ရက်တွင် ကြေညာသည်။

ပြောကြား

လွန်ခဲ့သည့်နှစ်တွင် မိမိတို့လေဆိပ်များသို့ ခရီးသည် ၁၁ဒသမ ၅သန်းရောက်ရှိလာကြကြောင်း မက္ကဆီကိုမြောက်ပိုင်းနှင့် အလယ်ပိုင်းတွင် လေဆိပ် ၁၃ခု၌ လုပ်ငန်းလည်ပတ်နေသော ဂရုပို အဲရိုပေါကျူရီယို ဒယ်လ်စင်ထရိုနော်တီကုမ္ပဏီက ပြောကြားသည်။

လျော့နည်း

အဆိုပါလေဆိပ်များသည် လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလ တစ်လတည်းတွင် ခရီးသည် ၉၅၉၀၀၀ခန့်ရောက်ရှိခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလက ခရီးသည် ၁ဒသမ၁သန်း ရောက်ရှိခဲ့ရာမှ ယခုကဲ့သို့ လျော့နည်းကျဆင်းသွားခြင်းဖြစ်ကြောင်းဖြင့်လည်း ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဆိုလာစွမ်းအင်သုံးမော်တော်ယာဉ်

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဒုတိယမြောက် ဆိုလာစွမ်းအင်သုံး မော်တော်ယာဉ် စမ်းသပ်မောင်းနှင်နေသည်ကို ဇန်နဝါရီ ၁၃ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အရှေ့ဂျာဗား ရေလွှမ်းမှု လေးဦးသေဆုံး

ဂျကာတာ ဇန်နဝါရီ ၁၃

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားကျွန်းတွင် ရေလွှမ်းမှုဖြစ်ပွားသဖြင့် လေးဦးသေဆုံးပြီး အခြားတစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံမှုအဖွဲ့က ဇန်နဝါရီ ၁၁ရက်တွင် ဖော်ပြသည်။

မိုးသည်းထန်စွာရွာသွန်းသဖြင့် ကာလီကီဒွန်မြစ်ရေလျှံပြီး အိမ်ခြေ ၅၇၀၀ကျော် ရေမြုပ်လျက်ရှိရာ ရာပေါင်းများစွာသော ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရသည်ဟု ဖော်ပြပါအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ပရီယာဒီကာဒိုနိုက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

လူနှစ်ဦး ရေစီးဖြင့်မျောပါသွားပြီး သေဆုံးကာ အခြားသူများ မိုးကြိုးပစ်ခံရကြောင်း၊ ပျောက်ဆုံးနေသူများအား ရှာဖွေလျက်ရှိကြောင်း ကာဒိုနိုက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

အစ္စရေး-ပါလက်စတိုင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲစတင်ရန် အစ္စရေးအိမ်ရာတည်ဆောက်မှုများ ရပ်တန့်ရန်လိုအပ်

ဂျေရုဆလင် ဇန်နဝါရီ ၁၃

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်မစတင်မီ အသိမ်းပိုက်ခံနယ်မြေများ၌ အစ္စရေးအိမ်ရာသစ်များ တည်ဆောက်မှုကို ရပ်တန့်ရမည်ဖြစ်ကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများက ထပ်မံ၍ အခိုင်အမာပြောကြားလိုက်သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန် အနောက်ဘက်ကမ်းမှ အစ္စရေးအိမ်ရာတည်ဆောက်မှုများ လုံးဝရပ်စဲပေးရန် လိုအပ်ကြောင်း ပါလက်စတိုင်းစေ့စပ်ရေးမှူး ဆာအက်အီရာကက်က ဇန်နဝါရီ ၁၀ရက်တွင် ပြောကြားသည်။

ပြောကြား

ကြိုတင်သတ်မှတ်ချက် တစ်စုံတစ်ရာမပြဘဲ အစ္စရေးနှင့်ပါလက်စတိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြန်စရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ တိုက်တွန်းပြောကြားမှုအပြီးတွင် ပါလက်စတိုင်း စေ့စပ်ရေးမှူး ဆာအက်အီရာကက်က အထက်ပါအတိုင်း တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။ **(အင်တာနက်)**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ကျင်းပသည့် တရုတ်-တောင်ကိုရီးယားရိုးရာ ပဒေသာကပွဲ၌ တရုတ်ရိုးရာအကဖြင့် ကပြဖျော်ဖြေနေသည်ကို ဇန်နဝါရီ ၁၃ရက်တွင် တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

တောင်ကိုရီးယား ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်လျက်ရှိ

ဆိုးလ် ဇန်နဝါရီ ၁၃

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်သို့ ယခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည်နှင့် ခရီးသွားဧည့်သည် ၁၀သန်း လာရောက်လည်ပတ်မည်ဟု မျှော်မှန်းထားကြောင်း ဆိုးလ်မြို့တော်အုပ်ချုပ်ရေးအဖွဲ့က ဇန်နဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ယမန်နှစ်အတွင်းက ဆိုးလ်မြို့သို့ ခရီးသည် ၇၇၀၀၀ ရောက်ရှိခဲ့ပြီး ယခုနှစ်အတွင်း ပြည်ပခရီးသည် ၅၂၀၀၀ တိုးမြှင့်ရောက်ရှိနိုင်ရေးအတွက် ဆိုးလ်မြို့တွင် ကမ္ဘာလုံးဆိုင်ရာ ညီလာခံ ၁၂၀ မှ ၁၅၀ အထိ တိုးမြှင့်လက်ခံကျင်းပနိုင်ရန် ဆန္ဒရှိကြောင်း သိရသည်။

လူဦးရေ ၁၀သန်းကျော်နေထိုင်လျက်ရှိသည့် မြို့တော်ဆိုးလ်သည် တောင်ကိုရီးယားနိုင်ငံ၏ လူဦးရေအများဆုံးမြို့ဖြစ်သည်။ ခရီးသွားလုပ်ငန်းတိုးမြှင့်ခြင်းဖြင့် အလုပ်အကိုင် ၃၀၀၀၀ ခန့် ဖန်တီးပေးနိုင်ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၆ ဘီလီယံ ရရှိနိုင်မည်ဖြစ်သည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

ဘရာဇီးနိုင်ငံ၌ စက်မှုလုပ်သားဦးရေ တိုးလာ

ဘရာဇီးနိုင်ငံ၏ စက်မှုလုပ်သားဦးရေသည် ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် အောက်တိုဘာလကထက် ၁ဒသမ၁ရာခိုင်နှုန်းတိုးလာကြောင်း ဘရာဇီးနိုင်ငံ ပထဝီနှင့် စာရင်းအင်းရေးရာဌာနက ဇန်နဝါရီ ၁၂ရက်တွင်ထုတ်ပြန်သည့် လစဉ်ထုတ် လေ့လာချက်စာတမ်း၌ ဖော်ပြထားသည်။

ပီရူးသတ္တုကဏ္ဍ ရင်းနှီးမြှုပ်နှံငွေ နှစ်ဆတိုးမည်

ပီရူးနိုင်ငံ၏ ဓာတ်သတ္တုတူးဖော်ရေးကဏ္ဍသည် ၂၀၁၀ခုနှစ်တွင် ၂၀၀၉ ခုနှစ်ကထက် နှစ်ဆတိုးပြီး ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ ၅ ဘီလီယံအထိ ရရှိလာလိမ့်မည်ဟု ပီရူးနိုင်ငံ စွမ်းအင်နှင့်သတ္တုတွင်းဝန်ကြီးဌာနက ဇန်နဝါရီ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ပနားမား၌ မိုးသည်းထန်၊ ရေလွှမ်းမှုကြုံတွေ့

ပနားမားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းသဖြင့် လူ ၁၅၀၀၀ခန့် ရေလွှမ်းမှုနှင့် ကြုံတွေ့နေရဆဲဖြစ်ကြောင်း ပနားမား အမျိုးသားမြို့ပြကာကွယ်ရေးအဖွဲ့ (ဆီနာပရော့)က ဇန်နဝါရီ ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။ ကော်စတာရီကာနှင့် နယ်ချင်းစပ်နေသည့် ဘိုကတ်စ်ဒယ်တိုရိုရှိ အဝေးပြေးလမ်းများနှင့် ကားလမ်းများ ရေလျှံနေသည်ဟု သိရသည်။ ***(အေပီပုံ)***

ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ငြမ်းပြို၍ ရှစ်ဦးသေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံအရှေ့ပိုင်း အင်ဟွီးပြည်နယ်တွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ဇန်နဝါရီ ၁၂ ရက်က ငြမ်းပြိုကျသဖြင့် ရှစ်ဦးသေဆုံးသွားရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။ ဆောက်လုပ်ရေးလုပ်သား ၁၅ ဦး ငြမ်းပိသော်လည်း ခုနစ်ဦးကို ကယ်တင်လိုက်နိုင်ကြောင်း သိရသည်။

ဝေလငါးဖမ်းဆီးနေမှုအဆုံးသတ်ရေး နယူးဇီလန်ကြိုးပမ်း

တောင်ပိုင်းသမုဒ္ဒရာတွင် ဂျပန်တို့ ဝေလငါးဖမ်းဆီးမှု အဆုံးသတ်စေနိုင်မည့် သံတမန်ရေးဆုံးဖြတ်ချက်တစ်ရပ်ရရှိရန် နယူးဇီလန်နိုင်ငံက ကြိုးစားနေကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ဂျွန်ကီးက ဇန်နဝါရီ ၁၃ရက်၌ ပြောကြားသည်။

တရုတ် ဂျမ်ဘိုဂျက်လေယာဉ်အင်ဂျင် ထုတ်လုပ်မည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အေဗစ်လေယာဉ် အင်ဂျင်ကူးသန်းရောင်းဝယ်ရေးကုမ္ပဏီသည် ရှန်ဟိုင်းတွင် ပြည်တွင်းဖြစ် ဂျမ်ဘိုဂျက်လေယာဉ်အင်ဂျင်များ ထုတ်လုပ်ရေးအတွက် သုတေသနနှင့်တီထွင်ထုတ်လုပ်ရေးဌာနကို ဇန်နဝါရီ ၁၂ရက်က စတင်တည်ဆောက်နေပြီဖြစ်သည်။

ဥရောပသမဂ္ဂ၌ အီတလီ လူ့သက်တမ်းအရှည်ဆုံးဖြစ်

အီတလီနိုင်ငံသည် ဥရောပသမဂ္ဂ၌ လူ့သက်တမ်းအရှည်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့ရာတွင် ကလေးမွေးဖွားနှုန်းမှာမူ အနိမ့်ဆုံးဖြစ်နေသေးကြောင်း အီတလီနိုင်ငံ အမျိုးသားစာရင်းအင်းရုံး(အက်စ်တတ်)က ဇန်နဝါရီ ၁၂ရက်တွင် ကြေညာသည်။

ပေါက်ကွဲနိုင်ဖွယ်ရှိ၍ အမေရိကန်ဆိပ်ကမ်းတစ်ခု ပိတ်ထားရ

အမေရိကန်ပြည်ထောင်စု မြောက်ကယ်ရိုလိုင်းနားပြည်နယ်ရှိ ဆိပ်ကမ်းတစ်ခုတွင် ပေါက်ကွဲမှုပြင်းထန်သည့်ပစ္စည်းများ တင်ဆောင်လာသည့် ကုန်သေတ္တာများ၌ အပေါက်များတွေ့ရသဖြင့် အဆိုပါဆိပ်ကမ်းကို ဇန်နဝါရီ ၁၂ ရက်က ပိတ်ထားလိုက်ရပြီး ဆိပ်ကမ်းအနီးရှိ ပြည်သူများကို ဘေးလွတ်ရာသို့ ပို့လိုက်ရသည်ဟု ဒေသအာဏာပိုင်များက ပြောကြားသည်။

ဒါဂျက်စတန်၌ ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်

မြောက်ကော်ကေးရှုဒါဂျက်စတန်သမ္မတနိုင်ငံ၌ ဇန်နဝါရီ ၁၂ရက်က ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု ပေါက်ကွဲမှုဖြစ်ပွားသဖြင့် အဆိုပါပိုက်လိုင်းမီးလောင်ကာ ဓာတ်ငွေ့ပို့လွှတ်မှုများကို ရပ်ထားလိုက်ရကြောင်း ရုရှားသတင်းဌာနများက ဖော်ပြသည်။

(အင်တာနက်)

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ကချင်ပြည်နယ်၌ အားကစားပစ္စည်းများ ထောက်ပံ့လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇန်နဝါရီ ၁၂ရက် မွန်းလွဲ ၁နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြို့တော်ခန်းမ၌ကျင်းပသည့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အမှာစကားပြောကြားရာတွင် မြန်မာ့အားကစားသမိုင်းကြောင်း၊ အားကစားနှင့် ပညာရေး ပေါင်းစပ်ဆောင်ရွက်နေမှုနှင့် မြန်မာ့အားကစား တိုးတက်မြင့်မားရေးအတွက် စီမံချက်များချမှတ်ဆောင်ရွက်နေမှု အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဝန်ကြီးက လူငယ်ဘောလုံး အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားပစ္စည်းများနှင့် နည်းပြများအတွက် ထောက်ပံ့ငွေများ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အတွက် အားကစားပစ္စည်းများ၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များ အတွက် အားကစားပစ္စည်းများ၊ တက္ကသိုလ်များအတွက် အားကစားပစ္စည်းများနှင့် မြစ်ကြီးနားမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်းများအတွက် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူ အသီးသီးက လက်ခံကြသည်။

ယင်းနောက် မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်မောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးသည် မြစ်ကြီးနား မြို့နယ်အတွင်းရှိ အားကစားကွင်းနှင့် အားကစားရုံများကို ကြည့်ရှုစစ်ဆေးပြီး ကချင်ပြည်နယ်အတွင်းရှိ အားကစား ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မြို့တော်ခန်းမ၌ မြို့နယ်များအတွက် အားကစားပစ္စည်းများ ပေးအပ်စဉ်။ (အား/က)

ကချင်ပြည်နယ် ပူတာအိုမြို့ မြို့မဈေးအတွင်း စုပေါင်းသန့်ရှင်းရေးနှင့် အမှိုက်သိမ်းဆည်းမှုကို ဈေးသူဈေးသားများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်း၍ ဒီဇင်ဘာ ၂၃ရက်က ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ-ယူနန် စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကုန်သည်များအသင်းတို့ ပူးပေါင်းကျင်းပသည့် UMFCCI နှင့် YPCC စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်း ဆောင်ရွက်ရေးဖိုရမ်၏ ဒုတိယအကြိမ် အစည်းအဝေး (The Second Meeting of UMFCCI- YPCC Economic and Trade Cooperation Forum) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်၊ ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရ Development and Research Center မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms.Li Jian နှင့် ယူနန်ပြည်နယ် ကုန်သည်များအသင်း ဥက္ကဋ္ဌ Ms.Yang Yanping တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ လေဘေးဒဏ်ခံရသူများအတွက် ယူနန်ပြည်နယ် ကုန်သည်များအသင်းက အလှူငွေ အမေရိကန် ဒေါ်လာ ၅၀၀၀ကိုလည်းကောင်း၊ တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ငလျင်ဒဏ်ခံရသူများအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က အလှူငွေ အမေရိကန်ဒေါ်လာ ၁၀၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဖိုရမ်အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးလုပ်ငန်း စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးရေး (Sustainable Development of Border Trade and International Trade between Myanmar and China) ကဏ္ဍတွင် သဘာပတိအဖြစ် ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က ဆောင်ရွက်ပြီး နယ်စပ်ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစန်းနွယ်ဝင်းနှင့် ယူနန်ပြည်နယ် Department of Commerce မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Wang Jianwei တို့က စာတမ်းများ တင်ပြဆွေးနွေးကြသည်။

တင်သွင်းဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံ၌ လုပ်ငန်းစီမံကိန်းများ ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများ၊ (Cooperation Opportunities of Projects in Myanmar) ကဏ္ဍတွင် ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကုန်သည်စက်မှုအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်စိုး၊ ယူနန်ပြည်နယ် Yunnan Construction Engineering Group Co. မှ ဒုတိယ အထွေထွေမန်နေဂျာ Mr. Liu Yong နှင့် ယူနန်ပြည်နယ် Yunnan Kangfeng Sugar Industry (Group) Co.မှ ဒုတိယ အထွေထွေမန်နေဂျာ Mr. Yang Xinqiang တို့က စာတမ်းများ တင်သွင်းဆွေးနွေးကြသည်။

စာတမ်းများတင်သွင်း

ထို့နောက် မြန်မာ-ယူနန် စက်မှုကုန်ထုတ်လုပ်ရေးနှင့် ကုန်သွယ်မှု (Manufacturing Industries and Trade in Myanmar and Yunnan) ကဏ္ဍတွင် ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ယူနန်ပြည်နယ် Development and Reform Commission မှ Consultancy Director- General Mr. Hei Jinxi ၊ ယူနန်ပြည်နယ် Economic Cooperation Company Association ဥက္ကဋ္ဌ Mr. Wang Xiaobing ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ ဒုတိယ အထွေထွေမန်နေဂျာ ဦးဇော်ဝင်းနှင့် ကုန်သည်စက်မှု အသင်းချုပ် ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင် ဦးအောင်ခင်မြင့်တို့က စာတမ်းများ တင်သွင်းဆွေးနွေးကြသည်။

ဇန်နဝါရီ ၁၂ရက် နံနက် ၉နာရီခွဲတွင် မြန်မာနှင့် ယူနန်ပြည်နယ် စီးပွားရေး လုပ်ငန်းရှင်များ၏ ပစ္စည်းအလိုက်၊ လုပ်ငန်းအလိုက် တစ်ဦးချင်း လုပ်ငန်းစကားပြောဆိုညှိနှိုင်းခြင်း (Business Talks)ကို ကျင်းပပြီး နံနက် ၁၁နာရီတွင် ယူနန်ပြည်နယ်အစိုးရ Development and Research Center မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Li Jian ၊ ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ယူနန်ပြည်နယ် ကုန်သည်များအသင်း (YPCC) ဒုတိယဥက္ကဋ္ဌ Mr. Liu Kejie တို့က နိဂုံးချုပ် အမှာစကား ပြောကြားကြကာ အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်တွင်းကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ညီလာခံ

တောင်တွင်းကြီး ဇန်နဝါရီ ၁၃

တောင်တွင်းကြီးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ၂၀၀၉ခုနှစ် မျက်နှာစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၁၈ရက်က မြို့နယ်ပြန်/ဆက်ရုံး၌ကျင်းပရာ သဘာပတိ ဦးသောင်းမြင့်က အမှာစကားပြောကြားကာ အလုပ်အမှုဆောင် အစီရင်ခံစာကို အတွင်းရေးမှူး ဦးကျော်ကျော်က ဖတ်ကြား၍ ဘဏ္ဍာရေးအစီရင်ခံစာကို ဦးခင်မောင်ရင်က ရှင်းလင်းဆွေးနွေးတင်ပြပြီး အလုပ်အမှုဆောင်အဖွဲ့သစ်အား ဥက္ကဋ္ဌ ဦးကျော်ကျော်(တောင်တွင်းဝင်းကျော်)၊ အတွင်းရေးမှူး ဦးအောင်သက် (တောင်တွင်း အောင်သက်ဦး)၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ရင် (ရွှေတွင်းခင်မောင်ရင်)၊ အမှုဆောင်များအဖြစ် ဦးဘို (ဘုန်းဝင်းခေါင် မြန်မာမှု)၊ ဦးနိုင်ဝင်း (တောင်တွင်း ပြန်/ဆက်) တို့ကို အသီးသီး ရွေးချယ်တင်မြှောက်ကြ၍ ညီလာခံ ကိုယ်စားလှယ်အဖြစ် ဦးအောင်သက်(တောင်တွင်း အောင်သက်ဦး) တို့အား ရွေးချယ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

Database Applications Developer သင်တန်းဖွင့်မည်

MPEC

Myanmar Professionals Education Centre

ရန်ကုန် ဇန်နဝါရီ ၁၃

MyanmarProfessionals Education Centre (MPEC) ကအရည်အချင်းပြည့်ဝသော Database Applications Developer, Database Administrator ဖြစ်လိုသူများအတွက် ရည်ရွယ်၍ Database Applications Developer သင်တန်းကို ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းသင်တန်းတွင် Database Management System များ၏ တည်ဆောက်ပုံနှင့် အလုပ်လုပ်ပုံ နည်းစနစ်များကို Oracle Database Server နှင့် Microsoft SQL server 2008 တို့ကို အသုံးပြုပြီး သင်ကြားပေးမည်ဖြစ်သည်။

ထိထိရောက်ရောက်

ထို့အပြင် Database Server များ၏ Background services, Data Files, Recovery Logs Files နှင့် Memory Structure တို့ကို မိမိတို့၏ လုပ်ငန်း လိုအပ်ချက်များအတိုင်း စွမ်းဆောင်မှုအကောင်းဆုံးဖြစ်အောင် Configuration ပြုလုပ်နိုင်စေရန်၊ Database Management Systems များကို အသုံးပြုပြီး Database Applications System များကို အကောင်းဆုံးဖြစ်အောင် ရေးသားနိုင်စေရန်၊ Complex Query Language များကို ရေးသားနိုင်ရန်နှင့် Database Logical Design and Physical Design တို့ကို ထိထိရောက်ရောက် ပြုလုပ်နိုင်ပြီး Software Developer ကောင်းတစ်ယောက် ဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်သည်။

အထူးအားဖြင့် Data Records သန်းနှင့်ချီသော Processing များနှင့် Reporting များကို ပြုလုပ်နိုင်ရန်နှင့် အခြေခံကောင်းများ ရရှိစေရန်တို့အတွက် လက်တွေ့လုပ်ငန်းခွင်အတွေ့အကြုံရှိသူများက အသိပညာပေး သင်ကြားပေးမည် ဖြစ်သည်။

အဆိုပါသင်တန်းကို DBMS အခြေခံရှိသူများနှင့် SQL Language အခြေခံရှိသူများ တက်ရောက်နိုင်မည် ဖြစ်သည်။

သင်တန်းပြီးဆုံးသူများအနေဖြင့် MPEC ကပေးအပ်သော Certificate နှင့် စင်ကာပူသမ္မတနိုင်ငံရှိ Beacon School of Technology က ပေးအပ်သော Certificate တို့ကိုပါ ရရှိမည်ဖြစ်သည်။

စုံစမ်းနိုင်

သင်တန်းတက်ရောက်လိုသူများသည် Myanmar Professionals Education Centre (MPEC)၊အမှတ် (၁၁၂) အခန်း (၁၁၊ ၁၂)၊ ရှစ်မိုင် ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၆၆၈၇၇၉၊ ၆၆၈၂၅၉နှင့် ၆၅၀၁၂၄တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၆) ရပ်ကွက် ရွှေဘုံသာတာကြီးတန်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူနှင့် အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း နောက်ဆက်တွဲ ဖောင်ပိတ်သတင်း

ဟေတီပြည်သူ သုံးသန်းကျော် ငလျင်ဒဏ် ကြုံတွေ့ သေဆုံးသူ ထောင်ပေါင်းများစွာ ရှိနေ

မောင်ချစ်ကြည်-စုစည်းရေးသားသည်

ပို့အော်ပရင့်စ် ဇန်နဝါရီ ၁၃

ဟေတီကျွန်းတွင် ဇန်နဝါရီ ၁၃ရက် နံနက်က ရစ်ချ်တာစကေး ၇ရှိအင်အား ပြင်းငလျင်လှုပ်ခဲ့မှုကြောင့် ပြည်သူသုံးသန်းခန့် ငလျင်ဒဏ်ကြုံတွေ့ခဲ့ကြရကြောင်း ကုလသမဂ္ဂအရာရှိများက ထုတ်ဖော်ပြောကြားသည်။

သေဆုံးဒဏ်ရာရ

အင်အားပြင်းငလျင်ကြောင့် ကျောင်း၊ ဆေးရုံ၊ အစိုးရရုံးအဆောက်အအုံများ၊ ဟိုတယ်၊ နေအိမ်များနှင့် ဈေးတို့အပါအဝင် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေး အဆောက်အအုံပါ ပြိုလဲပျက်စီးခဲ့သည်။ သေဆုံးသူ ထောင်ပေါင်းများစွာရှိပြီး ဒဏ်ရာရရှိသူများမှာ ၂၀၀၀၀၀ကျော်ရှိသည်။ ဟေတီကျွန်းနိုင်ငံ မြို့တော် ပို့အော်ပရင့်စ်မြို့ရှိ ငါးထပ်မြင့်သော ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေး အဆောက်အအုံ ပြိုကျမှု အပျက်အစီးများအောက်၌ လူ ၂၀၀ခန့် ပိတ်မိနေသည်။

ပိတ်မိနေ

ထို့အတူ ပို့အော်ပရင့်စ်မြို့ရှိ မွန်တာနာဟိုတယ် ပြိုကျမှုကြောင့် ကမ္ဘာလှည့်ခရီးသွား ၂၀၀ကျော်မှာ အပျက်အစီးများအောက်၌ ပိတ်မိနေဆဲဖြစ်ပြီး အောက်ဆီဂျင် ပြတ်လပ်မှုကြောင့် အချိန်မီဖယ်ရှားနိုင်မှု မရှိပါက မကြာမီ သေဆုံးဖွယ်ရှိသည်။ အဆောက်အအုံနှင့် နေအိမ်ထောင်ပေါင်းများစွာ ပျက်စီးခဲ့ပြီး အိုးမဲ့အိမ်မဲ့ဖြစ်သူ နှစ်သိန်းကျော်ရှိကာ အပျက်အစီးအောက်မှ ပိတ်မိနေသူများကို ဖယ်ရှား၍ မရသေးပေ။

ဟေတီငလျင်ဒဏ်ခံ ပြည်သူများအား ကူညီထောက်ပံ့ရန် ကုလသမဂ္ဂက အလှူငွေ ဒေါ်လာ ၁၀သန်း ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။ ထို့အတူ တရုတ်၊ ဂျော်ဒန်၊ ဘရာဇီး၊ အမေရိကန်၊ ဗြိတိန်၊ ဗင်နီဇွဲလားနှင့် ပြင်သစ်နိုင်ငံတို့မှ အကူအညီပေးရေးအဖွဲ့များ အမြန်စေလွှတ်လိုက်ပြီဖြစ်သည်။ ငလျင်ဒဏ်ခံရသည့် ဟေတီကျွန်းနိုင်ငံသို့ ကုလသမဂ္ဂအကူအညီပေးရေးမစ်ရှင်အဖွဲ့က သေဆုံး၊ ဒဏ်ရာရသူများစာရင်းအတိအကျ ရရှိရေးနှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကို စတင်ကောက်ယူနေပြီဖြစ်သည်။ ။ ကိုးကား-အင်တာနက်

ဝင်ငွေပိုမိုတိုးတက်ရရှိစေရန် နည်းလမ်းရှာကြံ၍ ဆောင်ရွက် ကျရာကဏ္ဍမှ လုပ်ငန်းတာဝန်များ ကျေပွန်စွာထမ်းဆောင်

နေပြည်တော် ဇန်နဝါရီ ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်တို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၁ရက် မွန်းလွဲ ၁နာရီက တနင်္သာရီတိုင်း ထားဝယ်မြို့သို့ ရောက်ရှိကြပြီး ထားဝယ်လေဆိပ်ခန်းမ၌ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ထားဝယ်လေဆိပ်၏ တည်နေရာ၊ နောက်ခံ သမိုင်းနှင့် စီမံကိန်းလုပ်ငန်းဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (လေယာဉ်ကွင်းပုံထုတ်)က ထားဝယ်လေဆိပ် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ကျေပွန်အောင်ထမ်းဆောင်

ထို့နောက် ဝန်ကြီးက လေဆိပ်ပြုပြင်တိုးချဲ့ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းနှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ အလေအလွင့်မရှိအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရေး၊ လေဆိပ်ဝန်းကျင် အမြဲတမ်းသန့်ရှင်းသာယာလှပရေး၊ လေယာဉ်နှင့်ခရီးသည်များ အန္တရာယ်ကင်းရှင်းရေး၊ လုံခြုံမှုအစဉ်သတိပြုရေး၊ ဝန်ထမ်းများမိမိ လုပ်ငန်းတာဝန်ကို စေတနာထားကာ ကျေပွန်စွာထမ်းဆောင်ကြရေးတို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ခရီးသည်များ တက်ဆင်းနေမှု၊ လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ လေယာဉ်ရပ်နားရာနေရာနှင့် လေယာဉ်ပြေးလမ်း တောင်ဘက်ထိပ်မှ မြောက်ဘက်ထိပ်အထိ ပြေးလမ်းတိုးချဲ့ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။ ထိုမှတစ်ဆင့် ဝန်ကြီးသည် ထားဝယ်မြို့ ကမ်းနားလမ်း မင်းရပ်ကူးတို့ဆိပ်အနီး ကမ်းပြိုမှု ကာကွယ်ရေးအတွက် ကမ်းထိန်းနံရံများ တည်ဆောက်နေမှုအခြေအနေနှင့် ဆိပ်ကမ်းသာတံတားတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် တနင်္သာရီတိုင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ထားဝယ်ဆိပ်ကမ်းရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ရှေးဦးစွာ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက ထားဝယ်ဆိပ်ကမ်း၏ တည်နေရာနှင့် အကျယ်အဝန်း၊ ရေလမ်းကြောင်းအခြေအနေ၊ ရာသီဥတုအလိုက် ပြောင်းလဲဖြစ်ပေါ်နေမှု၊ မီးပြကျောက်ချစခန်းများ တည်ရှိမှု၊ သင်္ဘောကြီးများ ဝင်ရောက်မှု၊ ဆိပ်ကမ်းသာတံတား၌

ရေယာဉ်များ၊ ခရီးသည်တင်ရေယာဉ်များ ဝင်ထွက်ဆိုက်ကပ်မှု၊ မြိတ်၊ ထားဝယ်၊ ကော့သောင်း ဆိပ်ကမ်းများ၏ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်မှု၊ ဝင်ငွေရရှိမှု၊ နိုင်ငံခြားဝင်ငွေ ရရှိမှုနှင့် မီးပြတိုက်များ ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြရေး၊ ဝင်ငွေပိုမိုတိုးတက်ရရှိစေရန် နည်းလမ်းရှာကြံ၍ ဆောင်ရွက်ရေး၊ အသုံးစရိတ်လျှော့ချရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး၊ အရည်အချင်းအစဉ်တိုးတက်ရေး၊ ဆက်ဆံရေး ကောင်းမွန်ရေး၊ ဝန်ထမ်းများစည်းလုံးညီညွတ်စွာဖြင့် ကျရာကဏ္ဍမှ လုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရေးတို့ကို မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၂ရက် နံနက်ပိုင်းတွင် ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်ရှိ ဆင်ဖြူပြင်ကျေးရွာသို့ သွားရောက်၍ ဆင်ဖြူပြင်ဆိပ်ခံတံတား၌ ရေယာဉ်များ ဝင်ရောက်ဆိုက်ကပ်နေမှုနှင့် ခရီးသည်နားနေဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**

စစ်တွေမြို့နယ် အမေ့ရွာ စာကြည့်တိုက်သို့ ရန်ပုံငွေနှင့် စာအုပ်များလှူဒါန်း

စစ်တွေ ဇန်နဝါရီ ၁၃

ရခိုင်ပြည်နယ် စစ်တွေမြို့ သက္ကေပြင်ရွာမကျေးရွာရှိ အမေ့ရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၄)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ရန်ပုံငွေနှင့် စာအုပ်များ လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက် ၁၀နာရီက အမေ့ရွာ စာကြည့်တိုက်၌ ကျင်းပသည်။

အမှာစကား

ရှေးဦးစွာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်၊ အမေ့ရွာစာကြည့်တိုက် အလှူရှင် သတင်းစာကိုယ်စားလှယ် ဦးသိန်းမောင်တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။ ဆက်လက်ပြီး အမေ့ရွာစာကြည့်တိုက်ရန်ပုံငွေအတွက် သတင်းစာကိုယ်စားလှယ် ဦးသိန်းမောင်က လှူဒါန်းငွေကျပ် ၅၀၀၀၀၊ သက္ကေပြင်ရွာမကျေးရွာ ဥက္ကဋ္ဌ ဦးအောင်သိန်းမှ လှူဒါန်းငွေကျပ် ၅၀၀၀၀ နယ်မြေခံတပ်ရင်းမှ ဦးထွန်းလှဖြူက လှူဒါန်းငွေကျပ် ၁၀၀၀၀ကို လှူဒါန်းကြသည်။

လှူဒါန်း

ဆက်လက်ပြီး စာအုပ်၊ ဂျာနယ်များ လှူဒါန်းပွဲကိုကျင်းပရာ သတင်းစာကိုယ်စားလှယ် ဦးသိန်းမောင်က ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်နှင့် ကုန်တန်းရပ်ကွက် စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းရာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြိုင်က လက်ခံယူသည်။ **(အပေါ်ပုံ)** အမေ့ရွာ စာကြည့်တိုက်သို့ စာအုပ်ဂျာနယ်များလှူဒါန်းကြရာတွင် ဦးကျော်စိန်လှ၊ ဒုတိယဗိုလ်မှူးကြီး ဉာဏ်ဝင်းကျော်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဗဂျီးကျော် (စစ်တွေ) သတင်းစာကိုယ်စားလှယ် ဦးသိန်းမောင်တို့က လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးတို့က လက်ခံယူကြပြီး သက္ကေပြင်ရွာမကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

IBTC Open Golf Championship (တောင်ကြီး) ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈) ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် Myanmar PGA တို့က ကြီးမှူး၍ International Beverages Trading Co.,Ltd. မှ အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2009-2010) ၏ ဆဋ္ဌမ ပွဲစဉ်အဖြစ် IBTC Open Golf Championship (တောင်ကြီး) ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ Ayetharyar Golf Resort ၌ ဆက်လက်ကျင်းပသည်။

ပေးအပ်ချီးမြှင့်

စတုတ္ထနေ့ (၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက အမျိုးသားအပျော်တမ်း ပြိုင်ပွဲတွင် နေ့အလိုက်အကောင်းဆုံး ရိုက်ချက်ဆု(Daily Best) ရရှိကြသူများအားလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရန်မျိုးအောင်က Professional Golfers အဆင့်ပြိုင်ပွဲတွင် နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသူများအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

အပျော်တမ်း

ဆက်လက်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ချစ်ဦးက အမျိုးသားအပျော်တမ်းပြိုင်ပွဲ၌ တတိယရရှိသော တင်လင်းကို၊ ဒုတိယရရှိသော မျိုးဝင်းအောင်၊ ပထမရရှိသော စိုးမိုးဝင်းတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

(အောက်ပုံ)

ဆုချီးမြှင့်

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်က Professional Golfers ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၂၈၂ချက်ဖြင့် တတိယရရှိသော မြင့်ရွှေ၊ စုစုပေါင်းရိုက်ချက် ၂၈၁ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇင်ဝင်း(Srixon)၊ စုစုပေါင်းရိုက်ချက် ၂၈၇ချက်(-1)ဖြင့် ပထမရရှိသော သိန်းဇော်မြင့် (KM Golf Centre)တို့အား ဆုများကိုပေးအပ်ချီးမြှင့်၍ International Beverages Trading Co.,Ltd. Executive Director ဦးတင့်ဦးက ပထမရရှိသော သိန်းဇော်မြင့် (KM Golf Centre) အား ဆုကြေးငွေ ချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေ ဥက္ကဋ္ဌ ဦးတေဇ ကိုယ်စား မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က ထပ်ဆောင်း ဂုဏ်ပြုငွေချက်လက်မှတ်ကို ပေးအပ်ချီးမြှင့်သည်။

(ဂေါက်သီးအဖွဲ့ချုပ်)

3D Arts and Animations IntroductionCourse KMD ၌ ဖွင့်လှစ်သင်ကြားပေးမည်

ရန်ကုန် ဇန်နဝါရီ ၁၃

3D Artist, 3D Animator ဖြစ်လိုသူများအတွက် ရည်ရွယ်၍ 3D Arts and Animations Introduction Course သင်တန်းကို ဇန်နဝါရီ ၂၀ရက်တွင် KMD Computer Centre ၌ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စာတွေ့၊ လက်တွေ့

သင်တန်း၌ ရုပ်ပုံနှင့်အရာဝတ္ထုများကို သုံးဖက်မြင်ပုံစံများအဖြစ် ကျွမ်းကျင်ပိုင်နိုင်စွာ ရေးဆွဲတတ်စေရန်နှင့် ရေးဆွဲပြီးသုံးဖက်မြင်ပုံများကို ရုပ်လုံးကြွ၊ သက်ဝင်လှုပ်ရှားလာစေရန် အထူးပြုလုပ်ချက်များထည့်သွင်း ဖန်တီးခြင်း အစရှိသည့် ပညာရပ်များကို စာတွေ့၊လက်တွေ့သင်ကြားရမည်ဖြစ်သည်။

ထောက်ခံပေးမည်

သင်တန်းပြီးဆုံးပါက မိမိနှစ်သက်ရာကို ရွေးချယ်ပြီး 3D Arts သို့မဟုတ် 3D Animation တစ်ခုခုကို မိမိကိုယ်တိုင် Mini Project ပြုလုပ်တင်ပြနိုင်ပြီး အဆိုပါ တင်ပြနိုင်သူများအား Certificate တွင် ဖန်တီးတင်ပြနိုင်စွမ်းရှိခဲ့ကြောင်း အသိအမှတ်ပြု ထောက်ခံပေးမည်ဖြစ်သည်။ ယင်း Course သည် 3D Studio Max နောက်ဆုံးပေ Version ဖြင့်သင်ကြားပေးမည့် KMD ၏ သင်တန်းအသစ်ဖြစ်ပြီး သင်ယူပြီးမြောက်ပြီးသူများအနေဖြင့် လက်တွေ့လုပ်ငန်းခွင်တွင် 3D Artist, 3D Animator အဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်မည်ဖြစ်သည်။

စုံစမ်းနိုင်

အဆိုပါ သင်တန်းကို တစ်ပတ်လျှင် ငါးရက် သင်ကြားရမည်ဖြစ်ကာ သင်တန်းကာလမှာ ရှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ သင်တန်းသားဦးရေ ကန့်သတ်ထားသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် KMD Computer Centre အမှတ်(၅၅၀-၅၅၂)ကုန်သည်လမ်းနှင့် ၃၆လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၉၁၅၅၊ ၃၈၁၇၆၆၊ ၃၈၁၀၃၅၊ ၃၈၄၁၀၉၊ ၃၉၁၂၈၆ နှင့်၃၉၁၂၈၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေး(အ-၁/၂၀၁၀)ကို ယနေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ UMFCCI အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံဆန်စပါး လုပ်ငန်း အသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်၊ **(အောက်ပုံ)** ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးအောင်သန်းဦး၊ ဦးလှမောင်ရွှေ၊ဦးတင်ဝင်းနှင့် ဦးစိန်ဝင်းလှိုင်တို့က အမှာစကားပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က အလုပ်အမှုဆောင်အစည်းအဝေး၏ ဆုံးဖြတ်ချက်များ၊ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေး၏ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ထားရှိသည့်လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အမှာစကား

ထို့နောက် အလုပ်အမှုဆောင်များက မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့် အသင်းခွဲများ ဖွဲ့စည်းရေးကိစ္စ၊ ဆန်စပါးဈေးကွက်အခြေအနေနှင့် ဆန်စပါးဈေးနှုန်းတည်ငြိမ်မှုနှင့် စေရေး၊ ပြည်တွင်းစီးဆင်းမှုဆိုင်ရာ ကိစ္စ၊ပြည်ပသို့ တင်ပို့ရောင်းချမှုဆိုင်ရာကိစ္စနှင့် အထွေထွေကိစ္စရပ်များကို တင်ပြဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂိုးသွင်းစွမ်းရည်ပြသွားတဲ့ ဇေယျာရွှေမြေ

➤ သတင်းမြင်ကွင်း - ဖိုးသော်ဇင်

ရန်ကုန် ဇန်နဝါရီ ၁၃

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယ အကျော့ ပွဲစဉ်(၅၃)ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဇေယျာရွှေမြေအသင်းက ဆောက်သမ်းမြန်မာအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ ဂိုးပြတ်အနိုင်ရရှိသွားပါတယ်။

ဇေယျာရွှေမြေ - လေးဂိုး
ဆောက်သမ်းမြန်မာအသင်း - တစ်ဂိုး

ပြီးခဲ့တဲ့ပွဲမှာ မကွေးအသင်းကို ခြေစွမ်းမပြနိုင်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရတဲ့ ဇေယျာရွှေမြေအသင်းကတော့ အခုပွဲမှာ ခြေစွမ်းပြပြီး ဂိုးပြတ်ပြန်သွင်းခဲ့ပါတယ်။ ဇေယျာရွှေမြေအသင်းဟာ ရှေ့မှာ ကျော်ဘိုဘို၊ နိုင်စိုးဝေနဲ့ ရဲဝေယံစိုးတို့ကို တွဲပေးထားခဲ့ပြီး ခြေစွမ်းပြသွားတာကတော့ လူငယ်ကစားသမား နိုင်စိုးဝေပဲ ဖြစ်ပါတယ်။

အရင်ပွဲတွေက တိုက်စစ်မှာ ဂျေမွန်၊ ဘရိုက်နဲ့ ဘီဂျိမ်းစ်ထွေးတို့ အချိတ်အဆက်မိမိနဲ့ ကစားနိုင်ခဲ့ပေမယ့် အခုပွဲမှာ အတွဲမညီဘဲ ဇေယျာရွှေမြေနောက်တန်းကို မကျော်နိုင်ခဲ့ပါဘူး။ ဆောက်သမ်းမြန်မာအသင်းရဲ့ ကွင်းလယ်ပိုင်းအမှားများတာကို အခွင့်ကောင်းယူပြီး ဇေယျာရွှေမြေအသင်းဟာပွဲစကတည်းက ဖိကစားခဲ့ပါတယ်။ မိနစ်၂၀မှာဇေယျာရွှေမြေအသင်း အဖွင့်ဂိုး စရခဲ့ပြီး ထောင့်ကန်ဘောက လျှံထွက်လာတာကို ကျော်ဘိုဘိုက ပိတ်သွင်း ယူခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ဇေယျာရွှေမြေအသင်းကပွဲကို စိုးမိုးသွားပြီး လူငယ်ကစားသမား နိုင်စိုးဝေက ၂၉မိနစ်နဲ့ ၄၁မိနစ်မှာ နှစ်ဂိုးထပ်မံသွင်းယူခဲ့တာကြောင့် ပထမပိုင်းအပြီးမှာ ဇေယျာရွှေမြေအသင်းက သုံးဂိုးပြတ်နဲ့ ဦးဆောင်နေပါတယ်။

ပထမပိုင်းမှာ အတွဲမမိခဲ့တဲ့ ဆောက်သမ်းမြန်မာအသင်းတိုက်စစ်ဟာ ဒုတိယပိုင်းမှာတော့ အချိတ်အဆက် ပြန်မိခဲ့ပါတယ်။ ဒါပေမယ့် ဇေယျာရွှေမြေ နောက်တန်းကလည်း အမှားမရှိခဲ့တာကြောင့် ဆောက်သမ်းမြန်မာအသင်း ဂိုးရဖို့ ရုန်းကန်ခဲ့ရပါတယ်။ ၈၁ မိနစ်မှာ ဘီဂျိမ်းစ်ထွေးက ဆောက်သမ်းမြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့ပေမယ့် ၈၈မိနစ်မှာ ကျော်ဘိုဘိုက ဇေယျာရွှေမြေအတွက် စတုတ္ထဂိုးကို ထပ်မံသွင်းယူခဲ့ပါတယ်။ ဒီနေ့ပွဲ အနိုင်ရခဲ့လို့ ဇေယျာရွှေမြေအသင်း ပွဲကုန် ၁၇မှတ် နဲ့ ပဉ္စမနေရာ ရရှိဖို့ သေချာသွား ပြီး ဆောက်သမ်းမြန်မာအသင်းကတော့ ရှစ်မှတ်နဲ့ အမှတ်ပေးဇယားအောက်ဆုံးမှာပဲ ရပ်တည်နိုင်ခဲ့ပါတယ်။ ။

ယနေ့ပွဲစဉ်

ဒဲလ်တာယူနိုက်တက် - ဥဿာယူနိုက်တက် (မြန်မာ့အလင်း)

✱ ရှေ့ဖုံးမှ

ကြိုဆို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် မွန်းလွဲ ၁၂နာရီခွဲတွင် နေပြည်တော်ဘူတာကြီးသို့ရောက်ရှိလာရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နေပြည်တော်ဘူတာကြီး အမှတ်(၁) စင်္ကြံရှိ နေပြည်တော်-မန္တလေး အမြန်ရထားပေါ်သို့ တက်ရောက်၍ စက်ခေါင်းမောင်းခန်း၊ အထက်တန်းထိုင်ခုံများ၊ လေအေးစက်များ၊ လျှပ်စစ်မီးချောင်းများ၊ ကိုယ်လက်သန့်စင်ခန်းနှင့် ရိုးရိုးတန်းထိုင်ခုံများ တပ်ဆင်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမှတ်(၁)စင်္ကြံ၌ ပြသထားသည့် မြန်မာ့မီးရထား အင်းစိန်စက်ခေါင်းစက်ရုံက ကိုယ်ပိုင်ဒီဇိုင်းဖြင့် ထုတ်လုပ်သည့် မြင်းကောင်ရေ ၁၂၀၀အားရှိ ခေတ်မီ ဒီဇယ်လျှပ်စစ်စက်ခေါင်း၏ အောက်ခံဖရိန်၊ ကိုယ်ထည်၊ အင်ဂျင်နှင့် လျှပ်စစ်ပိုင်းဆိုင်ရာများ အဆင့်ဆင့် တပ်ဆင်ပြီးစီးခဲ့မှု၊ စမ်းသပ်ပြေးဆွဲခဲ့မှု မှတ်တမ်းဓာတ်ပုံများ၊ ဂျပန်နိုင်ငံမှ တင်သွင်းလာသော လေအေးစက်တပ်ဆင်ထားသည့် RBE စက်ခေါင်းပါ လူစီးတွဲ၌ လေအေးစက်များကို မွမ်းမံပြင်ဆင်ခဲ့မှုနှင့် ရထားတွဲများအတွင်း မွမ်းမံဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ မွန်းလွဲ ၁နာရီတွင် နေပြည်တော်ဘူတာကြီးမှ ပြန်လည် ထွက်ခွာသွားသည်။

အစားထိုးပြေးဆွဲမည်

အဆိုပါ နေပြည်တော်-မန္တလေး လေအေးစက်ပါ အမြန်ရထားကို လက်ရှိပြေးဆွဲနေသည့် အမှတ်(၂၅) အဆန် နေပြည်တော်-မန္တလေး အမြန်ရထားနှင့် အမှတ်(၂၆)အစုန် မန္တလေး-နေပြည်တော် အမြန်ရထားတွဲဆိုင်းများ အစား ဇန်နဝါရီ ၁၄ရက်မှစတင်၍ အစားထိုးပြေးဆွဲမည်ဖြစ်သည်။

ရထားတွဲဆိုင်း၌ လေအေးစက်ပါ အထက်တန်းတွဲ လေးတွဲနှင့် လေအေးစက်မပါ ရိုးရိုးတန်း လူစီးတွဲ နှစ်တွဲ ပါရှိမည်ဖြစ်ပြီး အထက်တန်းထိုင်ခုံ ၂၄စခုံနှင့် ရိုးရိုးတန်းထိုင်ခုံ ၁၂၀ တပ်ဆင်ထားသည်။

တပ်ဆင်ထား

ရထားတွဲဆိုင်း၌ မြင်းကောင်ရေ ၄၄၀ရှိ အင်ဂျင်တစ်လုံးနှင့် မြင်းကောင်ရေ ၂၂၀ရှိ အင်ဂျင်လေးလုံးတို့ကို တပ်ဆင်ထားပြီး တွဲများ သက်သာငြိမ့်ညောင်းစေရန်အတွက် Air Cushion Suspension များနှင့် ဘရိတ်ပိုင်းဆိုင်ရာစနစ်တွင် လုံခြုံစိတ်ချမှုပိုမိုကောင်းမွန်သည့် Compressed Air Brake စနစ်တို့ကို တပ်ဆင်ထားသည်။

အလိုအလျောက်

ထို့အပြင် တွဲများ၌ အလိုအလျောက်ဖွင့်ပိတ်သည့် လူဝင်တံခါး (Automatic Door Opening System) နှင့် ခရီးသည်များ ကိုယ်လက်သန့်စင်နိုင်ရန် ကြွေလက်ဆေးကန်များ၊ လေစုပ်သန့်စင်ခန်းစနစ် (Vacuum Type Commode)များ တပ်ဆင်ထားသည်။

စီစဉ်ဆောင်ရွက်ပေး

အလားတူတွဲများ၌ အလင်းရောင်လုံလောက်စွာရရှိစေရန် လျှပ်စစ်မီးချောင်းများ တပ်ဆင်ထားခြင်း၊ အလင်းရောင်ကို လိုအပ်သလို တိုး၊ လျှော့နိုင်ခြင်း၊ ထိုင်ခုံကို အနေအထားအမျိုးမျိုး ပြောင်းစေနိုင်မည့် (Reclining Seat)များနှင့် ခေါက်စားပွဲငယ်များ တပ်ဆင်ပေးထားခြင်းတို့ဖြင့် ခရီးသည်များ သက်သောင့်သက်သာ အဆင်ပြေစွာ လိုက်ပါစီးနင်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်။

အမှတ်(၂၅)အဆန် နေပြည်တော်-မန္တလေး အမြန်ရထားကို နေပြည်တော်မှ နေ့စဉ် ည ၁၀နာရီခွဲတွင်လည်းကောင်း၊ အမှတ်(၂၆)အစုန် မန္တလေး-နေပြည်တော် ရထားကို မန္တလေးမြို့မှ နေ့စဉ် နံနက် ၈နာရီ ၁၅မိနစ်တွင် လည်းကောင်း ယခင်ခရီးစဉ် ပြေးဆွဲချိန်များအတိုင်း စတင်ထွက်ခွာမည်ဖြစ်ပြီး နေပြည်တော် တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ သဲတော၊ မြစ်သားနှင့် ကျောက်ဆည်ဘူတာများ၌ ရပ်နားမည်ဖြစ်သည်။

ဝယ်ယူရရှိနိုင်

နေပြည်တော်-မန္တလေး လေအေးစက်ပါ အမြန်ရထားခ နှုန်းထားကို အထက်တန်း ငွေကျပ် ၃၀၀၀နှင့် ရိုးရိုးတန်း ငွေကျပ်၁၂၀၀သတ်မှတ်ထားပြီး ရထားလက်မှတ်များကို နေပြည်တော်ဘူတာကြီး၊ နေပြည်တော် သပြေကုန်းဈေး၊ နေပြည်တော် ပျဉ်းမနားဘူတာ၊ မန္တလေးဘူတာကြီးနှင့် ရထားရပ်နားမည့် ဘူတာများရှိ လက်မှတ်အရောင်းဌာနများ၌ ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နေပြည်တော်-မန္တလေးရထားခရီးစဉ်၌ ပြေးဆွဲမည့် အမြန်ရထားတွဲများအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စစ်တွေမြို့ အထက်တန်းရက်ကန်းကျောင်း တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဇန်နဝါရီ ၅ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ ဘောက်သီးစုရပ်ကွက်ရှိ အထက်တန်းရက်ကန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းခန်းမ၌ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့်တွေ့ဆုံရာ ရှေးဦးစွာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ဖြည့်ဆည်းမှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် အုန်းတောကျေးရွာ ဆောင်းသီးနှံစိုက်ပျိုးထားရှိမှု၊ ရွာကြီးမြောက်ရပ်ကွက်ရှိ ဟင်္သာရေကန်၌ သောက်သုံးရေ ဖြန့်ဝေပေးနိုင်မှုနှင့် ခေါင်းလောင်းကျောင်းလမ်းတစ်လျှောက်ရှိ ရေတွင်း၊ ရေကန်များ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ရူပတောင်ရပ်ကွက် လမ်းလုပ်ငန်းဆောင်ရွက်ပြီးမှု၊ ကျေးပင်ကြီးရပ်ကွက်ရှိ ဝင်းသူဇာအရောင်းဆိုင်၌ လူသုံးကုန်ပစ္စည်းများ ရောင်းချနေမှုနှင့် အမှတ်(၁)ဖောင်တော်ကြီး ဆိပ်ခံတံတား၌ မီးရထားသံလမ်း သယ်ယူနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးသည် စစ်တွေဘူတာကြီးရှိ စစ်တွေ-အမ်း-မင်းဘူး ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းရုံး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၁၅-၁-၂၀၁၀

၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅	တရားတော် **(အင်္ဂုလိမာလသုတ်+ ဇောဇ္ဈင်္ဂသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၂၀	(၃၈)ဖြာမင်္ဂလာ
၇:၂၅	နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်းဆောင်းပါး
၈:၁၀	နံနက်ခင်းတေးပဒေသာ
၈:၃၀	ပြောပါရစေရှင် (ဘဝအားမာန်)
၈:၄၅	တေးပဒေသာ
၉:၀၀	အစီအစဉ်ပြီး၏။
၁၀:၀၀	သောတရှင်လိုရာတေး
၁၀:၃၀	သတင်းစာအာဘော်
၁၀:၄၀	တူယှဉ်သီကြွေး စုံတွဲတေး
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	နေ့လယ်ခင်း တေးပဒေသာ
၁၁:၃၀	လေလှိုင်းကြားက ပွဲတင်သံ
၁၁:၄၅	နေ့လယ်ခင်းတေးပဒေသာ
၁၂:၀၀	စံတော်ချိန် ဆိုကြပျော်ရွှင် တေးသံစဉ် (INTERMEDIATE LEVEL-10)
၁၂:၁၀	အလုပ်အကိုင် အခွင့်အလမ်း
၁၂:၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀	ဆောင်းပါး
၁၆:၃၀	စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀	Music Talk (6) တေးပဒေသာ
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	တေးပဒေသာ
၁၈:၀၀	ညနေခင်းသတင်း
၁၈:၁၀	တေးချစ်သူရွေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈:၄၅	တေးပဒေသာ
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၁၀	ညချမ်းချိန်ခါ တေးပဒေသာ
၁၉:၂၅	ဇာတ်လမ်းပမာ နားဆင်စရာ (အကျည်းတန်ချစ်သူ)
၁၉:၄၅	တေးပဒေသာ
၂၀:၀၀	ပြည်တွင်းသတင်း
၂၀:၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (စိုးပိုင်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁:၀၀	ဆောင်းပါး (ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် သစ်တောကာကွယ်ထိန်းသိမ်းခြင်း) ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ
၂၂:၀၀	အစီအစဉ်ပြီး၏။

မြောက်ပိုင်းစွန်းဒေသများ၌ မိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၁၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၁၄ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ထူးခြားသည့် ညအပူချိန်များ

၁၃-၁-၂၀၁၀

လွိုင်လင်မြို့	၀ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၃ ဒီဂရီစင်တီဂရိတ်
အမ်းမြို့	၃ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၄ ဒီဂရီစင်တီဂရိတ်

အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း သင်တန်းအမှတ်စဉ် ၈/၂၀၀၉ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၁၃၅ ဓမ္မစေတီလမ်းရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၏ သင်တန်းအမှတ်စဉ် ၈/၂၀၀၉ သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၈ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးတက်ရောက်၍ အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားသို့ အိမ်တွင်းမှုကျောင်းမှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ သင်တန်းတွင် မိန်းမဝတ်၊ ကျားရုပ်၊ ဇာထိုးပန်းထိုး၊ ဘော်လီ/ဘရာစီယာ၊ ဘောင်းဘီ၊ မုန့်မျိုးစုံ၊ မြန်မာအစားအစာ၊ သီးယိုဆီစိမ်၊ တရုတ်အစားအစာ၊ ပန်းအလှပြင်၊ ကုတ်အင်္ကျီ၊ စင်တီမီတာစက်ချုပ် ဘာသာရပ်များကို အခြေခံနှင့် အဆင့်မြင့်သင်တန်းများအဖြစ် ရက်သတ္တခြောက်ပတ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်း သင်တန်းသား သင်တန်းသူ ၂၇၅ဦးအား သင်တန်းဆင်းအောင်လက်မှတ်များကို တိုင်းဦးစီးမှူးနှင့် ကျောင်းအုပ် ဆရာမကြီးတို့က ပေးအပ်ချီးမြှင့်သည်။

(အပေါ်ပုံ) (မြန်မာ့အလင်း)

နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၁၅-၁-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇:၀၅ တရားတော် **(အင်္ဂုလိမာလသုတ်+ ဓာဇဂ္ဂသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာမင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်းဆောင်းပါး
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ ပြောပါရစေရှင် (ဘဝအားမာန်)
၈:၃၅ တေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ သောတရှင်လိုရာတေး
၁၀:၃၀ သတင်းစာအာဘော်
၁၀:၄၀ တူယှဉ်သီကြွေး စုံတွဲတေး
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်း တေးပဒေသာ
၁၁:၃၀ လေလှိုင်းကြားက ပွဲတင်သံ
၁၁:၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂:၀၀ စံတော်ချိန် ဆိုကြပျော်ရွှင် တေးသံစဉ် (INTERMEDIATE LEVEL-10)
၁၂:၁၀ အလုပ်အကိုင် အခွင့်အလမ်း
၁၂:၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး
၁၆:၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇:၀၀ Music Talk (6) တေးပဒေသာ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ တေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီ တေးပန်းချီ နိုင်ငံရေးဦးတည်ချက်
၁၈:၄၅ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ညချမ်းချိန်ခါ တေးပဒေသာ
၁၉:၂၅ ဇာတ်လမ်းပမာ နားဆင်စရာ (အကျည်းတန်ချစ်သူ)
၁၉:၄၅ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၁၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (စိုးပိုင်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁:၀၀ ဆောင်းပါး (ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် သစ်တောကာကွယ်ထိန်းသိမ်းခြင်း) ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၁-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၆:၄၅ အရဏ်ဦးမှာ ကြည်ညိုပူဇော် မန္တလေးမဟာမုနိရုပ်ရှင်တော်
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (The L.A.T.E.S.T Guide နှစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၈:၃၀ Sports World (Sports Max)
၈:၅၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အတွဲ့ပုံရိပ်**
၉:၂၅ Style ရှိမှ Star ဖြစ်မယ်
၁၀:၀၅ ဂန္ထဝင်ဂီတဖျော်ဖြေပွဲ အကြိုလှုပ်ရှားမှုများ
၁၀:၁၅ သရုပ်ဆောင်သစ် မင်းထက် စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနား
၁၀:၄၀ စေတနာအစွမ်းဖြင့် ချမ်းမြေ့သာယာ ဘိုးဘွားရိပ်သာ
၁၀:၅၅ ဂီတသရုပ်ပြခန်း (Aညိမ်းကျော်-လွမ်းပုံပြင်)
၁၁:၂၅ **မေတ္တာပန်းတို့မွေးပျံ့စေ** ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ အကယ်ဒမီချိုပြုံး (ဒါရိုက်တာ-ဓာတ်ပုံရဲမြင့်လွင်)
၁၁:၅၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ဉမ္မာကျော်နှင့်တွေ့ဆုံခြင်း)
၁၂:၁၀ နှင်းပွင့်လေးတွေနှင့် တွဲဖက် ဆွယ်တာလေးတွေ စွဲမက်
၁၂:၃၀ ရန်ကုန်မြင်ကွင်းကျယ် (The L.A.T.E.S.T Guide နှစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနား)
၁၂:၅၀ ဂန္ထဝင်ဂီတဖျော်ဖြေပွဲ အကြိုလှုပ်ရှားမှုများ
၁:၀၀ **ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၁:၄၅ အရဏ်ဦးမှာ ကြည်ညိုပူဇော် မန္တလေးမဟာမုနိရုပ်ရှင်တော်
၂:၀၀ MRTV-4 သတင်း
၂:၄၅ Fashion Music Festival Pop ကမ်းခြေ(၂)
၃:၂၀ သရုပ်ဆောင်သစ် မင်းထက် စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနား
၃:၄၀ မှုဟန်ကိုယ်စီတေးကိုသီ
၃:၅၅ ရန်ကုန်မြင်ကွင်းကျယ် (Jenko Centre for Education Excellence)
၄:၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အတွဲ့ပုံရိပ်**
၄:၄၅ အောင်မြင်သူတို့ဘဝ **ကျော်ကြားသူတို့အတွက် မေမေ** (အပိုင်း-၂)
၅:၀၅ အနုပညာမိုးကောင်းကင်
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ဉမ္မာကျော်နှင့်တွေ့ဆုံခြင်း)
၆:၄၀ ဆေးတက္ကသိုလ်(၂) ၁၉၈၅၊ ၈၆၊ ၈၇၊ ၉၁ ခုနှစ် ပထမအမ်ဘီ သင်တန်းသားများ၏ အာစရိယပူဇော်ပွဲ
၇:၁၀ Fashion Music Festival Pop ကမ်းခြေ(၂)
၇:၄၀ အထကကျောင်းကျိုး အာစရိယပွဲ အထိမ်းအမှတ် အခမဲ့ ဆေးဝါးကုသခြင်း အလှူမင်္ဂလာ
၈:၀၀ MRTV-4 သတင်း
၈:၃၀ Style ရှိမှ Star ဖြစ်မယ်
၉:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Jenko Centre for Education Excellence)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၀:၀၀ ဂီတသရုပ်ပြခန်း (Aညိမ်းကျော်-လွမ်းပုံပြင်)
၁၀:၂၅ အနုပညာမိုးကောင်းကင်
၁၀:၅၀ အောင်မြင်သူတို့ဘဝ **ကျော်ကြားသူတို့အတွက် မေမေ** (အပိုင်း-၂)
၁၁:၁၀ ဆေးပညာရှင်များနှင့်ပြည့်စုံသော ချိန်းဆိုတွေ့ဆုံမှု (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၁၁:၄၀ မြန်မာစာသုံးဖို့ မြန်မာယူနီကုဒ် ပရိုဂရမ်များ
၁၁:၅၅ စက်မှုကုန်ကြမ်းသီးနှံပီလောပီနံ
၁၂:၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရေဝတီတံတား(ပခုက္ကူ)စီမံကိန်း၏ လက်ပန်ခြေပေါ်ဘက်ကမ်း၌ ဘိုးတိုင်များကို စက်ကြီးများဖြင့် ဤသို့ တူးဖော်လျက်ရှိသည်။

(သတင်းစဉ်)

သံခြင်းတပ်ဆင်

RP.31 Bored Pile အမှတ်(၈)အား သံခြင်းတပ်ဆင်နေပုံ။ (သတင်းစဉ်)

● *ကျောဖုံးမှ*

အဆိုပါ စီမံကိန်းများအနက် အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးစီမံကိန်းတွင် ပါဝင်သည့် မြဝတီမြို့မှ အုတ်တွင်း၊ ပျော်ဘွယ်၊ ကျောက်ပန်းတောင်း၊ လက်ပန်ခြေပေါ်၊ ပခုက္ကူသို့ဖြတ်ပြီး ကလေးဝ၊ တမူးသို့ သွားရောက်နိုင်ရေးအတွက် ပုဂံမြို့ လက်ပန်ခြေပေါ်ဘက်ကမ်းမှ



ရေဝတီတံတား(ပခုက္ကူ) စီမံကိန်းတွင် ပခုက္ကူဘက်ကမ်း၌ ဘိုးတိုင်များကို စက်ကြီးများဖြင့် ဤသို့ တူးဖော်လျက်ရှိသည်။

(သတင်းစဉ်)

ပခုက္ကူအထိ ရေဝတီမြစ်ကျော်တံတား တည်ဆောက်ရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ရေဝတီတံတား(ပခုက္ကူ)ကို တာဝန်ယူ တည်ဆောက်လျက်ရှိသည်။

အကောင်အထည်ဖော်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၃-၁၂-၂၀၀၉ ရက်တွင် ရေဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ လာရောက်စစ်ဆေးပြီး တံတားအုကြောင်း အမှတ်(၅)နေရာတွင် တံတားကြီး အမြန်ဆုံးလုပ်ငန်းစတင်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။ ထို့ကြောင့် ၁၄-၁၂-၂၀၀၉ရက်တွင် လက်ပန်ခြေပေါ်ဘက်ကမ်း၊ ရေလယ်ကျွန်းနှင့် ပခုက္ကူဘက်ကမ်းတို့၌ တစ်ပြိုင်တည်း မြေသန့်မင်္ဂလာများ ပြုလုပ်ခဲ့ပြီး ၁၅-၁၂-၂၀၀၉ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ပန္နက်တော်တင်နှင့် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားများကို ဦးစီးကျင်းပ၍ ရေဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်သည်။

ရေဝတီတံတား(ပခုက္ကူ)သည် နိုင်ငံတော်အကြီးအကဲ၏ ရေဝတီမြစ်ကြီးပေါ်၌ နောက်ထပ်မြစ်ကူးတံတားကြီး လေးစင်း တည်ဆောက်ရန် ၆-၁၂-၂၀၀၉ရက် လမ်းညွှန်ချက်အရ ပေါ်ပေါက်လာရသော တံတားကြီးတစ်စင်းဖြစ်သည်။ အဆိုပါတံတား တည်ဆောက်ပြီးစီးပါက ချဉ်းကပ်တံတားအရှည်မပါ ခန့်မှန်းပေ ၂၁၀၀၀ ရှိလာမည်ဖြစ်ပြီး ချဉ်းကပ်တံတား တည်ဆောက်ပြီးပါက ယခုထက် ပိုရှည်လာမည်ဖြစ်သည်။ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက လက်ရှိဆောက်လုပ်ပြီးစီးခဲ့သော ချဉ်းကပ်တံတားအရှည်ပါ ၁၁၅၇၅ပေရှိသည့် သံလွင်တံတား(မော်လမြိုင်)ထက် ပိုရှည်သော တံတားကြီးအဖြစ် အသစ်ပေါ်ပေါက်လာမည်ဖြစ်သည်။

ဤတံတားကြီးသည် အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးပေါ်ထွန်းလာလျှင် အဆိုပါလမ်းမကြီးပေါ်တွင် တည်ရှိနေမည့် တံတားကြီး ဖြစ်သည်။

တံတားတည်ဆောက်ရေး စီမံကိန်းဆိုင်ရာ အချက်အလက်များ

၁။ **ပင်မတံတားအရှည်** - ၁၁၄၃၁ ပေ = ၃၄၈၄ မီတာ = ၂.၁၆ မိုင်
၂။ **တံတားအမျိုးအစား**
(က) တံတားအုတ်မြစ်နှင့်အောက်ထည် - သံကူကွန်ကရစ်
(ခ) တံတားအပေါ်ထည် - သံမဏိသံပေါင် တပ်ဆင်မည်ဖြစ်သည်။

၃။ **ခန်းဖွင့်ဖွဲ့စည်းပုံ**
ပင်မတံတား(၁) ညောင်ဦးဘက်ကမ်း - ၈၁၈၃ ပေ = ၂၄၉၄ မီတာ
(၁၀၀)မီတာ - (၂)ခန်း
(၁၂၀)မီတာ - (၁၉)ခန်း
ပင်မတံတား(၂) ဘော်လုံးခုံကျွန်း၌ - ၁၀၀၄ ပေ = ၃၀၆ မီတာ
(၁၀၀)မီတာ - (၃)ခန်း
ပင်မတံတား(၃) ပခုက္ကူဘက်ကမ်းတို့၌ - ၂၂၄၄ ပေ = ၆၈၄ မီတာ
(၁၀၀)မီတာ - (၂)ခန်း
(၁၂၀)မီတာ - (၄)ခန်းတို့ဖြင့် ခန်းဖွင့်ဖွဲ့စည်းထားသည်။

၄။ **ကားလမ်း/ရထားလမ်းနှင့် လူသွားလမ်းအကျယ်**
(က) နှစ်လမ်းသွား ကားလမ်းအကျယ် - ၂၈ ပေ = ၈.၅၀ မီတာ
(ခ) ရထားလမ်းအကျယ် - ၁၄ ပေ = ၄.၃၀ မီတာ
(ဂ) လူသွားလမ်းအကျယ် (တစ်ဖက်လျှင် ၃'.၃")ဖြင့် (၆ပေ-၆လက်မ) = ၂ မီတာ
၅။ **ရေလမ်းကင်းလွတ်အကျယ်** - ၂၆၂ ပေ = ၈၀ မီတာ
၆။ **ရေလမ်းကင်းလွတ်အမြင့်** - ၅၂ ပေ = ၁၆ မီတာ

နေ့ဆိုင်းညဆိုင်း

ဤတံတားကြီးအား နိုင်ငံတော်အကြီးအကဲက လုပ်ငန်းစတင်သည်မှစ၍ နေ့ညမရွေး အချိန်ပြည့်ဆောင်ရွက်ပြီး အချိန်တိုကာလအတွင်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်မှုပြုခဲ့သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့စီမံကိန်းကြီး တည်ဆောက်ရေးအဖွဲ့ (၃)က နေ့ဆိုင်းညဆိုင်းတို့ဖြင့် တည်ဆောက်လျက်ရှိကြောင်းကို ကွင်းဆင်းသွားရောက်လေ့လာ၍ လုပ်ငန်းခွင်ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ရေးသားတင်ပြလိုက်ရပါသည်။ ။

ရေဝတီတံတား(ပခုက္ကူ)စီမံကိန်း၏ ပခုက္ကူဘက်ကမ်း၌ မြစ်ဖြတ်၍ ဘိုးတိုင်များတူးဖော်ရန် မြေပြုပြင်ခြင်းလုပ်ငန်းကို ဤသို့ ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

အပျော်ရွှင်ဆုံး အပြုံးလှလှ "မြင်" နိုင်ကြပြီ

မင်းဇေဒါ(ပွင့်ဖြူ)

အေးမြသော ၂၀၀၉ခုနှစ် ဒီဇင်ဘာ၁၂ရက် ဆောင်းနံနက်ခင်းတွင် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့သို့ ကျွန်တော်ရောက်ရှိခဲ့ပါသည်။ မြို့ကလေးသည် ငွေနှင်းမှုန်များအောက်တွင် တိတ်ဆိတ်စွာ အိပ်မောကျနေဆဲဖြစ်သည်။ သို့သော် တစ်နေရာတွင်မူ လူများတက်ကြွလှုပ်ရှားသွားလာနေသည်ကို မြင်တွေ့နိုင်သည်။ ထိုနေရာက မြို့နယ်ပြည်သူ့ဆေးရုံ ပတ်ဝန်းကျင်ဖြစ်၏။ ပျော်ဘွယ်မြို့နယ် ပြည်သူ့ဆေးရုံကြီးအတွင်း ဝင်လိုက်သည်နှင့် ကြီးမားသော မဏ္ဍပ်ကြီးထဲတွင် များပြားလှသော ကျေးလက်ပြည်သူများကို တွေ့ရပါသည်။ သူတို့သည်ကား အခမဲ့မျက်စိစမ်းသပ်စစ်ဆေးကုသရန် လာရောက်ပြသကြသော မျက်စိဝေဒနာရှင်များ ဖြစ်ပါသည်။ ရင်ခုန်စိတ်လှုပ်ရှားစွာ စောင့်ဆိုင်းနေသော ကျေးလက်ပြည်သူများကို မြင်တွေ့ရသောအခါ မျက်စိနှင့်ပတ်သက်သော သူတို့၏ ဝေဒနာ၊ ခံစားချက်၊ မျှော်လင့်ချက်များသည် ကျွန်တော့်ထံ ကူးစက်ရောက်ရှိလာပါသည်။

အမြင်အာရုံချို့တဲ့နေသူတစ်ယောက်သည် လောက၏ အလှတရားများကို သိမြင်ခံစားခွင့် ဆုံးရှုံးနေသည်သာမက ဆိုးရွားသည့် ကျန်းမာရေးထိခိုက်မှု၊ ခါးသီးသည့် လူမှုရေးနစ်နာမှု၊ ကြီးမားသည့် စီးပွားရေးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပါသည်။ အဖော်အကူမပါဘဲ သွားလာလှုပ်ရှားမှု မပြုနိုင်သောကြောင့် ဒုက္ခိတသဖွယ် အားငယ်သိုးနွမ်းစွာ နေကြသူများ ဖြစ်ပါသည်။ ထို့ကြောင့် မျက်စိအဆုံး နားအရှုံးဟု ဆိုကြခြင်းဖြစ်ပေသည်။

ပျော်ဘွယ်မြို့တွင်ရောက်ရှိနေသည့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းမှ စီမံကိန်းမန်နေဂျာ ဒေါက်တာခင်ငြိမ်းလင်း၏ ရှင်းလင်းပြောကြားချက်အရ ကမ္ဘာတွင် နှစ်စဉ်သန်းပေါင်းများစွာ မျက်စိကွယ်နေသည်ဟုဆို၏။ မျက်မမြင်များအတွက် တိုက်ရိုက်သုံးစွဲရသော ငွေကြေးပမာဏသည် နှစ်စဉ် ဒေါ်လာသန်းပေါင်း ၂၅ ဘီလီယံအထက် ရှိနေသည်။ သွယ်ဝိုက်သုံးစွဲရသော ငွေသည် ထို့ထက်သုံးလေးဆပိုများ၏။ မျက်မမြင်များဖြစ်ရခြင်း၏ ၈၀ရာခိုင်နှုန်းမှာ ကြိုတင်ကာကွယ်သင့်သည်ကို မကာကွယ်မိ၍လည်းကောင်း၊ စောစောကြိုတင်သိရှိပြီး ကြိုတင်ကုသသင့်သည်ကို မကုသမိ၍လည်းကောင်း အမြင်အာရုံ ဆုံးရှုံးကြရခြင်းဖြစ်သည်။

ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက "အမြင်သန်စွမ်း ဒို့အခွင့်အလမ်း ခရစ်နှစ် ၂၀၂၀ အရောက်လှမ်း" ဟူသော ဆောင်ပုဒ်ဖြင့် တပ်လှန့်နှိုးဆော်ပြီး ၂၀၂၀ခုနှစ်အရောက်တွင် ကာကွယ်ကုသ၍ရသော မျက်မမြင်ခြင်းများ ပျောက်ကင်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဦးစီးဌာနမှ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုဖြင့် မျက်မမြင်ကာကွယ်ရေးအတွက်လည်းကောင်း၊ မျက်စိကျန်းမာ လူချမ်းသာရေးအတွက်လည်းကောင်း ကျေးလက်ဒေသများသို့ သွားရောက်ကာ ကုသစောင့်ရှောက်ပေးနေပါကြောင်း ဒေါက်တာခင်ငြိမ်းလင်းက ရှင်းပြပါသည်။

ယနေ့ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်အတွင်းမှ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေးကုသမှု ပေးနိုင်ရန်အတွက် ရမည်းသင်းခရိုင်မှ နိုင်ငံအကျိုး၊ ပြည်သူအကျိုးကို အစဉ်တစိုက် သယ်ပိုးဆောင်ရွက်နေသော လူမှုရေးအသင်းအဖွဲ့နှင့်အတူ မြို့မိမြို့ဖများ၊ အလှူရှင်များက ပါဝင်လှူဒါန်းဆောင်ရွက်ပေးကြခြင်း ဖြစ်ပါသည်။

မျက်စိဝေဒနာရှင်များ လာရောက်ကုသမှု ခံယူကြရာတွင် သွားလာနေထိုင်ရေး၊ ဆေးကုသမှုခံယူရေး အဆင်ပြေချောမွေ့စေရန်အတွက် လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါသည်။ ကားကြီးကားငယ်အသွယ်သွယ်ဖြင့် ကျေးရွာများအရောက် သွားရောက်ခေါ်ယူကြပြီး နေရာထိုင်ခင်းစီစဉ်ပေးကာ ထမင်းဟင်း ကျွေးမွေးကြပါသည်။ လူနာမှတ်ပုံတင်ပေးရာမှအစ ခွဲစိတ်ပြီးသည်အထိအဆုံး လူနာများကို မိဘအိုးဘွား အရင်းအချာများသဖွယ် ပြုစုစောင့်ရှောက်ပေးပါသည်။ တုံ့ပြန်အကျိုး မမျှော်ကိုးဘဲ ပရဟိတစိတ်ဓာတ်ဖြင့် ရိုသေလေးစားစွာ ကူညီလုပ်ကိုင်ပေးနေပုံများမှာ ကြည်နူးဂုဏ်ယူစရာ မြင်ကွင်းများ ဖြစ်ပါသည်။

ဒီဇင်ဘာ ၁၃ ရက်နေ့တွင် ရမည်းသင်းမြို့ ခရိုင်ဆေးရုံကြီးဝင်းအတွင်း၌ မျက်စိအခမဲ့စမ်းသပ်စစ်ဆေးကုသခြင်း အခမ်းအနား ထပ်မံကျင်းပပါသည်။ ပျော်ဘွယ်မြို့မှာထက် ပရိသတ်အင်အား ပိုမိုများပြားကာ ဘုရားပွဲကြီးတစ်ပွဲပမာ စည်ကားနေသည်။ အချို့ဆိုလျှင် မျက်စိကောင်းသူရော၊ မကောင်းသူရော တစ်အိမ်လုံးနီးပါး လာပြကြသည်။ ကျန်းမာရေးသတိဖြင့် မျက်စိစမ်းသပ်စစ်ဆေးကြည့်ကြမည်ဖြစ်ကြောင်း ခေတ်မီအသိများ ရှိနေကြကြောင်း တွေ့ရသည်။

နေပြည်တော်၊ မန္တလေး၊ မိတ္ထီလာ၊ နေပြည်တော်ပျဉ်းမနား၊ မြင်းခြံမြို့များမှ မျက်စိအထူးကု ဆရာဝန်ကြီးများက စမ်းသပ်စစ်ဆေးပြီး ခွဲစိတ်ကုသရန် လိုအပ်သောလူနာများကို ခွဲစိတ်ခန်းတွင် တစ်ကြိမ်လျှင် လူနာလေးဦးစီ တစ်ပြိုင်တည်း ခွဲစိတ်ကုသပေးနေကြသည်။ အတွင်းတိမ် မျက်စိဝေဒနာရှင်များကို အများဆုံး ခွဲစိတ်ကုသပေးနေကြကြောင်း တွေ့ရသည်။

အတွင်းတိမ်ဆိုသည်မှာ မျက်လုံးတွင်တိမ်စွဲပြီး အမြင်အာရုံ တဖြည်းဖြည်းမှုန်ဝါးလာကာ နောက်ဆုံး လုံးဝမျက်စိကွယ်သည်အထိ ဖြစ်တတ်၏။ မျက်လုံးတွင် တိမ်စွဲနေပြီဆိုလျှင် စောစောသိကာ သင့်တော်သည့်အချိန် ခွဲစိတ်ကုသလိုက်ခြင်းဖြင့် အမြင်အာရုံ ကြည်လင်ပြတ်သားစွာ ပြန်လည်မြင်နိုင်စွမ်း ရှိလာမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ အတွင်းတိမ် ရင့်မှည့်၍ မျက်စိကို ဖုံးလွှမ်းသွားလျှင် လုံးဝမျက်စိကွယ်သွားမည်။ အတွင်းတိမ်ကြောင့် မျက်စိကွယ်ပြီဆိုလျှင် အလင်းပြန်ရအောင် ဘယ်လိုမှ ကုသနိုင်မည် မဟုတ်ပေ။

> **အတွင်းတိမ်ဆိုသည်မှာ မျက်လုံးတွင် တိမ်စွဲပြီး အမြင်အာရုံ တဖြည်းဖြည်း မှုန်ဝါးလာကာ နောက်ဆုံး လုံးဝမျက်စိ ကွယ်သည်အထိ ဖြစ်တတ်၏။ မျက်လုံးတွင် တိမ်စွဲနေပြီဆိုလျှင် စောစောသိကာ သင့်တော်သည့်အချိန် ခွဲစိတ်ကုသလိုက်ခြင်း ဖြင့် အမြင်အာရုံ ကြည်လင်ပြတ်သားစွာ ပြန်လည် မြင်နိုင်စွမ်း ရှိလာမည်ဖြစ်၏။ ထိုသို့ မဟုတ်ဘဲ အတွင်းတိမ် ရင့်မှည့်၍ မျက်စိ ကို ဖုံးလွှမ်းသွားလျှင် လုံးဝ မျက်စိကွယ် သွားမည်။ အတွင်းတိမ်ကြောင့် မျက်စိ ကွယ်ပြီဆိုလျှင် အလင်းပြန်ရအောင် ဘယ်လိုမှ ကုသနိုင်မည် မဟုတ်ပေ။**

ယနေ့ မျက်စိခွဲစိတ်ကုသမှု ခံယူနေသူများထဲတွင် အတွင်းတိမ်ကြောင့် မျက်စိကွယ်တော့မည့်ဘေးမှ လက်မတင်လေး လွတ်မြောက်ခဲ့သော ဝေဒနာရှင် အများအပြား ပါဝင်နေသည်။ သူတို့စကားအရ "ကံကြီးပေလို့ မျက်စိမမြင် ဒုက္ခိတ မဖြစ်ရတာ"ဟု ဆိုကြပါသည်။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်နေ့မှ ၁၆ရက်နေ့အထိ ပျော်ဘွယ်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၃ အုပ်စုမှ မျက်စိဝေဒနာရှင်ပေါင်း ၁၆၈၀၊ ရမည်းသင်းမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၈အုပ်စုမှ မျက်စိဝေဒနာရှင်ပေါင်း ၁၈၂၃ဦး လာရောက် ဆေးကုသမှု ခံယူကြပါသည်။ ၎င်းတို့အထဲမှ ခွဲစိတ်ကုသမှုခံယူသူပေါင်း ၂၂၇ ဦးရှိကြောင်း သိရသည်။ သူတို့အားလုံး ကံကောင်းသူများ ဖြစ်ပေ၏။

ညပိုင်းတွင် ပျော်ဘွယ်မြို့ ကျောက်တိုင်ကွင်း၊ ပျော်ဘွယ်မြို့နယ် ရွာသစ်ကလေးကျေးရွာနှင့် ရမည်းသင်းမြို့ သီလဝါခန်းမတို့၌ ယဉ်ကျေးမှုဝန်ကြီးဌာနမှ "ရွှေမြန်မာ" အငြိမ့်ဖြင့် ဧည့်ခံဖျော်ဖြေပါသည်။ နယ်လုံးကျွတ် ပွဲလာကြည့်ကြသည်ထင်၏။ ပွဲကြည့်ကွင်းနှင့် ခန်းမအပြည့် ပရိသတ်များမှာ အညာဘုရားပွဲတော်ကဲ့သို့ပင် စည်ကားပါသည်။ အငြိမ့်ပွဲပြီးမှ ကျွန်တော်တို့ ပြန်လာခဲ့ကြပါသည်။ သို့သော် အလင်းလှူပွဲက မပြီးသေးပါ။

ဒီဇင်ဘာ ၁၉ရက်နေ့တွင် မျက်စိခွဲစိတ်ကုသထားသော လူနာများကို ပြန်လာပြရန် ချိန်းဆိုထားသောကြောင့် ကျွန်တော်လည်း ရမည်းသင်းခရိုင်ဆေးရုံကြီးသို့ လူနာများနှင့်အတူ သွားရောက်ခဲ့ပါသည်။ အဘိုးအဘွားများအား ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်း ပြန်တွေ့ရသည်။

'ခွဲထားတဲ့နေရာက မနာတော့ဘူး'

'ကောင်းသွားပြီ'

'မြင်ရပြီ'

'လင်းလင်းချင်းချင်းပဲ'

'ဝမ်းသာတယ်'

'ကျေးဇူးတင်တယ်'

ဟူသော အဖြေများကို ထပ်တလဲလဲကြားရသည်။ **ပျော်ဘွယ်မြို့မှ မျက်စိခွဲစိတ်ကုသမှု ခံယူထားသော ဦးကိုကိုဆိုလျှင် အသက်(၄၀)ကျော် လူလတ်ပိုင်း တစ်ဦးသာဖြစ်သည်။ အတွင်းတိမ်ကြောင့် အမြင်မှုန်ဝါးနေသူဖြစ်သည်။ သူက ပြောရာတွင် "ကျွန်တော် အလုပ်မလုပ်နိုင်တာကြာပြီ၊ မိသားစုကလည်း ချို့တဲ့လာတယ်၊ တကယ်လို့ မျက်စိကွယ်သွားခဲ့ရင် တစ်မိသားစုလုံး ဒုက္ခရောက်မယ်၊ ကလေးတွေကို ကျောင်းမထားနိုင်မှာ စိတ်အပူဆုံးပဲ၊ မျက်စိကမှုန်နေပေမယ့် ကိုယ့်မျက်စိ ဘာဖြစ်မှန်းမသိဘူး၊ ဘယ်သွားပြရမှန်း မသိဘူး၊ ငွေကြေးအခက်အခဲရှိတော့ အပိုကုန်မှာတွေ မလုပ်နိုင်ဘူး။ ခုဆို အခမဲ့မျက်စိ ခွဲစိတ်ကုသမှု ခံယူခွင့်ရလိုက်လို့ ကြည်ကြည်လင်လင် ပြန်မြင်နေရပါပြီ၊ ကျွန်တော့် အမြင်အာရုံ ကောင်းမွန်သွားတာဟာ မိသားစုတစ်ဘဝလုံး အလင်းရောင်ဖြာသွားသလိုပါပဲ"**ဟု ဝမ်းသာလှိုက်လှဲစွာ ပြောကြားသွားပါသည်။

ယနေ့ အခမဲ့ မျက်စိစမ်းသပ်စစ်ဆေးကုသ လှူဒါန်းနိုင်မှုများသည် မိသားစုဘဝများကို အလင်းရောင်ဖြာသွားသကဲ့သို့ သည်ဒေသအတွင်းရှိ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားအခြေအနေများပါအလင်းရောင် ဖြာသွားခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အခြေအနေပေး၍ အချိန်အခါသင့်လျှင် ဤသို့ အလင်းလှူပွဲများကို ဆက်လက်ကျင်းပဦးမည်ဖြစ်သည်။

အပျော်ရွှင်ဆုံး အပြုံးလှလှ 'မြင်'နိုင်ကြခြင်းများနှင့်အတူ ကျေးလက်ကျန်းမာရေးမှသည် ကျေးလက်ဖွံ့ဖြိုးရေးဆီသို့ ဦးတည်နိုင်ပြီဖြစ်ပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ။

စဉ့်ကိုင်မြို့နယ် ပညာရွာစာကြည့်တိုက် ခုနစ်နှစ်ပြည့် အခမ်းအနားကျင်းပ

စဉ့်ကိုင် ဇန်နဝါရီ ၁၃

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရှမ်းကန်ကျေးရွာ ပညာရွာစာကြည့်တိုက် ခုနစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ရက် မွန်းလွဲ ၁နာရီက ကျေးရွာအခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးဘိုထူးက အဖွင့်အမှာစကားပြောကြားပြီး စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ထွေးက ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် စာရေးဆရာများဖြစ်ကြသော ဆရာကျော်ကျော်ဇင်၊ ဆရာဦးကျော်မြိုင်၊ ဆရာမြဝတ်ရည် (ကျောက်ဆည်)၊ ဆရာဘိုဘိုကျော်၊ ဆရာလင်းလက် (ကျောက်ဆည်)တို့က စာပေရေးရာများ ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

အုတ်တွင်းမြို့နယ်၌ စပေါင်းထွန်ယက်

ခပေါင်းဆည်ရေသောက်စနစ်ဖြင့် နွေစပါး စပေါင်းထွန်ယက်ပွဲနှင့် ပျိုးထောင်ပွဲကို ဒီဇင်ဘာ ၁၅ ရက်က အုတ်တွင်းမြို့နယ် ကြက်တက်ညောင်ပင်ကျေးရွာအုပ်စု ကွင်းအမှတ် (၃၅၂-ခ) ဦးသိန်းငွေ လယ်မြေ၌ ပြုလုပ်ရာ တောင်ငူခရိုင်ဥက္ကဋ္ဌ ဦးလှမင်းထွဋ်နှင့် ခရိုင်စိုက်ကြပ်အဖွဲ့ဝင်များ၊ အုတ်တွင်းမြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှု အားပေးကြစဉ်။ (၁၁၆)

စိုက်ပျိုးရေး တက္ကသိုလ်ဘွဲ့ရအသင်း ပူဇော်ကန်တော့ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၁၃

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရအသင်းက ကြီးမှူးကျင်းပမည့် (၁၁)ကြိမ်မြောက် အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၁၆ရက် (စနေနေ့) နံနက် ၈နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးတက္ကသိုလ် စိန်ရတုခန်းမရုံ၌ ကျင်းပမည်ဖြစ်ရာ စိုက်ပျိုးရေးဘွဲ့ရများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ဘော်ဒိုးတိုက်စစ်မှူး ချာမက်ချ်အား လီဗာပူးက ခေါ်ယူ

လီဗာပူးအသင်းသည် ဘော်ဒိုးတိုက်စစ်မှူး မာရိုနီချာမက်ချ်အား ပေါင် ၂၅သန်း ဖြင့် စာချုပ်လိုက်ခြင်းဖြင့် ပြိုင်ဘက်များအား လက်ဦးမှု ရယူနိုင်ခဲ့ကြောင်း၊ ဘော်ဒိုးနှင့် ရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့် ချာမက်ချ်အား အာဆင်နယ်၊ အင်တာမီလန်နှင့် ဂျူဗင်းတပ်စ်တို့ကလည်း ခေါ်ယူရန်ကြိုးပမ်းခဲ့ကြကြောင်း ဒေးလီးမေးလ်သတင်း၌ ဖော်ပြသည်။

ဂျိုကိုးလ်အားခေါ်ယူရေး ဟာရီရက်နက် ပစ်မှတ်ထား

ချယ်လ်ဆီးအသင်းနှင့် ဂျိုကိုးလ်တို့ စာချုပ်သစ် ထပ်မံချုပ်ဆိုရေး မရေမရာဖြစ်နေပြီးနောက် စပါးနည်းပြ ဟာရီရက်နက်က ဂျိုကိုးလ်အားခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း၊ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျိုကိုးလ်သည် ရာသီကုန်တွင် ချယ်လ်ဆီးနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း ဒေးလီးစတားသတင်း၌ ဖော်ပြသည်။

တိုက်စစ်မှူး ပက်ဗလူချင်ကို ဇင်းနစ်သို့ ပြောင်းရွှေ့ဖွယ်

စပါးမှ ရုရှားတိုက်စစ်မှူး ပက်ဗလူချင်ကိုသည် ၄င်းအား ပြောင်းရွှေ့ကြေးပေါင် ၁၀ဒသမ၂သန်းဖြင့် ခေါ်ယူရန်ကမ်းလှမ်းခဲ့သော ဇင်းနစ်စိန့်ပီတာစဘတ်ဂ်နှင့် ဆက်သွယ်ပြောင်းရွှေ့ခြင်းဖြင့် အိပ်မက်ဆိုးကို အဆုံးသတ်ဖွယ်ရှိကြောင်း ဒေးလီးမေးလ် သတင်း၌ ဖော်ပြသည်။

ကွင်းလယ်ကစားသမား ဆန်ဒရိုအား စပါးက ခေါ်ယူဖွယ်

အင်တာနာစီယိုနယ်အသင်းမှ အသက် ၂၀အရွယ်ရှိ ဘရာဇီးကွင်းလယ်ကစားသမား ဆန်ဒရိုအား စပါးအသင်းကခေါ်ယူရန် သဘောတူခဲ့ပြီး ပြောင်းရွှေ့ကြေးပေါင်ခြောက်သန်းဖြင့် စာချုပ်ခေါ်ယူဖွယ်ရှိကြောင်း သည်ဂါးဒီးယန်း၌ ဖော်ပြသည်။

ဗီလာတိုက်စစ်မှူး ဟဲဝုဒ်အား လိဒ်ယူနိုက်တက် ခေါ်ယူဖွယ်

လိဒ်ယူနိုက်တက်မှ ထွက်ခွာဖွယ်ရှိသည့် တိုက်စစ်မှူး ဂျာမိန်းဘက်ဖို့ဒ် နေရာတွင် အစားထိုးသည့် အနေဖြင့် နည်းပြဆိုင်မွန်ဂရေဆန်က အက်စ်တွန်ဗီလာ တိုက်စစ်မှူး မာလွန်ဟဲဝုဒ်အား နှစ်တိုစာချုပ်ဖြင့် ခေါ်ယူစာချုပ်ဖွယ်ရှိကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ကွင်းလယ်တိုက်စစ်မှူး ဂါလင်ဒိုအား အာဆင်နယ်ခေါ်ယူနိုင်ဖွယ်

အာဆင်နယ်အသင်းသည် ဘိုလီးဗီးယားကွင်းလယ်တိုက်စစ်မှူး ဆန်မြူရယ် ဂါလင်ဒိုအား အဲဗာတန်အသင်းနှင့် အပြိုင်ခေါ်ယူရာတွင် အလေးသာဖွယ်ရှိကြောင်း ဒေးလီးမေးလ် သတင်း၌ ဖော်ပြသည်။

ဆန်းဒါးလန်း၏ ကမ်းလှမ်းမှု ပို့စ်မောက် ငြင်းပယ်

ပို့စ်မောက်အသင်းမှ ပြင်သစ်ခံစစ်မှူး ယွန်နက်စ်ကဘူးလ်အား ပြောင်းရွှေ့ကြေးပေါင်ငါးသန်းအပြင် အန်တွန်ဖာဒီနန်အား အလိုက်ပေးကာ ဆန်းဒါးလန်း၏ ကမ်းလှမ်းမှုကို ပို့စ်မောက်အသင်းက ငြင်းပယ်ခဲ့ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဘော်လ်တန်ခံစစ်မှူး ဒန်နီအား နယူးကာဆယ် ခေါ်ယူလို

နယူးကာဆယ်အသင်းသည် ရှက်ဖီးလ်ယူနိုက်တက်မှ မက်သရူးကီလ်ဂယ်လန်အား စာချုပ်ခေါ်ယူရေး မအောင်မြင်ဖြစ်ပြီးနောက် ဘော်လ်တန်ခံစစ်မှူး ဒန်နီရှစ်တူအား စာချုပ်ခေါ်ယူလိုကြောင်း ဒေးလီးမေးရာ၌ဖော်ပြသည်။

ကျူပီအာရ်မှ ရောက်ထ်လက်ဂျ်အား မစ်ဒယ်ဘရော့ ခေါ်ယူလို

ကျူပီအာရ် တောင်ပံကစားသမား ဝိန်းရောက်ထ်လက်ဂျ်အား မစ်ဒယ်ဘရော့နည်းပြ ဂေါ်ဒွန်စထရာချန်က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ဒီမာရီယာအားခေါ်ရေးချယ်လ်ဆီး၊ မန်ယူနှင့် မော်ရင်ဟိုအပြိုင်ကြိုးပမ်း

အင်တာမီလန်အသင်းနည်းပြ မော်ရင်ဟိုသည် ဘင်ဖီကာမှ ပေါင် ၁၅သန်းတန် တောင်ပံကစားသမား အိန်ဂျယ်လ်ဒီမာရီယာအားခေါ်ယူရန် ချယ်လ်ဆီး၊ မန်ယူတို့နှင့် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

အာဖရိကနိုင်ငံများဖလား အနိုင်/အရှုံးရလဒ်

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ ဇန်နဝါရီ ၁၂ရက်က ယှဉ်ပြိုင်ကစားခဲ့သော အုပ်စု(ဂ) ပွဲစဉ်များတွင် အီဂျစ်က နိုင်ဂျီးရီးယားကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး မိုဇမ်ဘစ်နှင့် ဘီနင်တို့ တစ်ဖက်နှစ်ဂိုးစီ သရေကျသွားခဲ့ကြသည်။

မန်ယူတို့ ဘဏ္ဍာငွေ အခက်အခဲ စီရိုနယ်ဒို ဖြည့်ဆည်းသွားခဲ့

ရေးသူ - မောင်မောင်မြင့်ဆွေ ၊ စာမျက်နှာဖွဲ့စည်းမှု -လှိုင်လှိုင်သင်း(မြန်မာ့အလင်း)

လန်ဒန် ဇန်နဝါရီ ၁၃

ပရီမီယာလိဂ်ထိပ်တန်းကလပ်များ၏ တစ်နှစ်တာ အရှုံးအမြတ်စာရင်းများ ထုတ်ပြန်ချိန်ရောက်လာသည်။ ကမ္ဘာတစ်ဝန်းဘောလုံးပရိသတ်များ အရူးအမူးစွဲလမ်းအားပေးသည့် ပရီမီယာလိဂ် အသင်းကြီးများကား အရှုံးနှင့်အမြတ်များ၊ အကြွေးနှင့် အတိုးများဖြင့် ရစ်ပတ်လုံးထွေးလျက် ရှိနေသည်။

ထိပ်ဆုံးကမန်ယူ

ဘောလုံးသမားများဝယ်ယူမှု၊ အားကစားသမားများ၏ လုပ်ခလစာတိုးမြှင့်ပေးမှုနှင့် အခြားစီမံရေးဆိုင်ရာ ငွေကြေးများ အလုံးအရင်းနှင့်သုံးစွဲနေလင့်ကစား ယခုနှစ်၌ စာရင်းချုပ်လျှင် မန်ယူတို့က ထူးထူးခြားခြား အမြတ်အစွန်းထွက်ခဲ့သည်။ ယခုနှစ် ဘဏ္ဍာရေးရှင်းတမ်းအရ အကောက်ခွန်အပါအဝင် အမြတ်ငွေပေါင် ၄၈ဒသမ ၂သန်း နီးပါးရရှိခဲ့သည်ဟု မန်ယူကလပ်က သတင်းထုတ်ပြန်လိုက်သည်။ မန်ယူ၏ အမြတ်ငွေသည် ယခုနှစ် ပရီမီယာလိဂ်အသင်းများတွင် ထိပ်ဆုံးနေရာ၌ ရှိနေသည်။ သို့သော် ပြီးခဲ့သည့်နှစ်က မန်ယူတို့ပေါင် ၂၁ဒသမ ၄သန်း အရှုံးပေါ်ခဲ့သည်ဖြစ်ရာ ပိုင်ရှင် ဂလေဇာ မိသားစုတို့ အထိနာခဲ့သည်။

ဖြည့်ဆည်းပေးခဲ့

ယခုနှစ် မန်ယူ၏ အမြတ်ငွေများတွင် တောင်ပံကစားသမား စီရိုနယ်ဒိုကို ရီးရဲမက်ဒရစ်သို့ ပေါင်သန်း ၈၀ဖြင့် ရောင်းချခဲ့သည့် ငွေကြေးများလည်း ပါဝင်သည်။ ယင်းငွေကြေးမပါလျှင် မန်ယူသည် ယခုနှစ်၌ ပေါင် ၃၁ဒသမ ၈သန်း အရှုံးပေါ်မည့်ကိန်းဆိုက်နေခဲ့သည်။ စီရိုနယ်ဒိုကို ရောင်းချခဲ့မှုကြောင့် အမြတ်ငွေများ ထွက်လာခဲ့သဖြင့် ဂလေဇာ မိသားစုတို့ အကျိုးအမြတ်များရရှိကာ ပြုံးပန်းဝေနိုင်ခဲ့သည်။ စီရိုနယ်ဒိုသည် မန်ယူကို ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလား၊ ကာလင်းဖလား စသည်တို့ ရယူပေးနိုင်ခဲ့သလို မန်ယူကလပ်၏ ဘဏ္ဍာငွေ အကျပ်အတည်းကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

ထွက်ငွေများခဲ့

အမေရိကန်စီးပွားရေး လုပ်ငန်းရှင် ဂလေဇာမိသားစုသည် မန်ယူကို ၂၀၀၅ ခုနှစ်က ပေါင်သန်း ၇၉၀ဖြင့် ဝယ်ယူခဲ့သည်။ မန်ယူကို ဝယ်ယူနိုင်ရေးအတွက် ဂလေဇာမိသားစု အကြွေးများ တနင့်တပိုးတင်ခဲ့သည်။ အတိုးများ နှစ်စဉ်တရိပ်ရိပ် တက်ခဲ့သည်။ ဝင်ငွေနှင့်ထွက်ငွေစာရင်းတွင် ထွက်ငွေက များခဲ့သည်။ ပြီးခဲ့သည့်နှစ် ဘဏ္ဍာရေးရှင်းတမ်း၌ ယခင်နှစ်က သုံးငွေ ပေါင် ၂၅၆ဒသမ ၂သန်းရှိခဲ့သော်လည်း ၂၀၀၉ခုနှစ်တွင် ပေါင် ၂၇၈ ဒသမ ၅သန်းအထိ မြင့်တက်ခဲ့သည်။

ရောင်းချမည်မဟုတ်

ဂလေဇာမိသားစုအနေဖြင့် မန်ယူကလပ်နှင့် ပတ်သက်ပြီး ချေးငွေပေါင် ၅၀၉ဒသမ ၅သန်း ရှိနေသည်။ အတိုးမှာ တစ်နှစ်ပေါင် ၄၁ဒသမ ၉သန်း တက်နေသည်။ ချေးယူထားသော ငွေကြေးများ ပြန်ဆပ်ရန်လည်း သတ်မှတ်ချိန်ပြည့်နေပြီ။ သို့သော် မန်ယူကလပ်အား မည်သူ့ကိုမျှ ရောင်းချမည်မဟုတ်ကြောင်း ဂလေဇာမိသားစုက အတိအလင်း ပြောကြားထားသည်။

မန်ယူအသင်းပိုင် အိုးထရက်ဖို့ဒ် ဘောလုံးကွင်း။ (အင်တာနက်ဓာတ်ပုံ)

အရှုံးပေါ်နေ

မန်ယူကလပ်က ပြီးခဲ့သည့်နှစ်၌ အမြတ်ငွေပေါင် ၄၈ဒသမ ၂သန်းရရှိနေခဲ့သော်လည်း ပြိုင်ဘက် ချယ်လ်ဆီးကလပ်က ပေါင် ၄၄ဒသမ ၄သန်း အရှုံးပေါ်နေသည်။ ထို့အတူ မန်စီးတီးကလပ်ကလည်း ပေါင် ၉၂ဒသမ ၆သန်း အရှုံးပေါ်ခဲ့ကြောင်း သတင်း၌ ထွက်ပေါ်လာသည်။ ပရီမီယာလိဂ် ထိပ်တန်းကလပ်များ ငွေကြေးဆုံးရှုံးမှုကိုယ်စီရင်မှာ ပိုက်ထားကြသော်လည်း အသင်းအောင်မြင်မှုရရှိရေး ငွေကြေးအကုန်အကျခံကာ ဘောလုံးသမားဝယ်ယူမှုများ အပြိုင်အဆိုင် အလုအယက်ဝယ်ယူနေကြဆဲ····။ ပွဲတိုင်းအနိုင်ရလိုမှုကို မွတ်သိပ်နေကြဆဲ····။ ပရီမီယာလိဂ်ကလပ်များ၌ အရှုံး အမြတ် တစ်နှစ်တာ စာရင်းချုပ်လျှင် ချေးငွေများ၊ အတိုးများဖြင့် ပင်လယ်ဝေနေသော်လည်း မန်ယူတို့က တစ်နှစ်တာကာလ အမြတ်များပိုက်ကာ ထိပ်ဆုံး၌ ရပ်တည်နိုင်ဆဲပင်····။ ။

ကိုးကား-အင်တာနက်

ပတ်ကွိုင်အောနှင့် ကလော့တေ ချန်ပီယံခါးပတ်လုပွဲ ထိုးသတ်မည်

ဒါးလက်စ်(အမေရိကန်) ဇန်နဝါရီ ၁၃



ဖိလစ်ပိုင် လက်ဝှေ့အကျော် မန်နီ ပတ်ကွိုင်အောသည် ဖလွိုက်မေဝဲသားနှင့် ထိုးသတ်မည့်အစား မတ်လတွင် ဂါနာ လက်ဝှေ့သမား ဂျိုရှုယာကလော့တေနှင့် ထိုးသတ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ကာကွယ်ထိုးသတ်

ပတ်ကွိုင်အောနှင့် မေဝဲသားတို့သည် မူလက ယခုသီတင်းပတ်အတွင်း ထိုးသတ်ရန် စီစဉ်ထားခဲ့သည်။ မေဝဲသားသည် ဆေးသုံးစွဲသည်ဟု ပတ်ကွိုင်အောက စွပ်စွဲထားသဖြင့် ဆေးစစ်ရန်တောင်းဆိုမှုကို လက်မခံ၍ ပြိုင်ပွဲဖျက်သိမ်းခဲ့ရသည်။ ပတ်ကွိုင်အောသည် လာမည့်မတ်၁၃ရက်တွင် အမေရိကန်နိုင်ငံ ဒါးလက်စ်မြို့ ကောင်းဘွိုင်အားကစားကွင်း၌ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ပတ်ကွိုင်အောသည် ၄င်း၏ ဒဗလျူဘီအို ဝဲလ်တာဝိတ်တန်း ချန်ပီယံခါးပတ်ကို ကာကွယ်ထိုးသတ်မည်ဖြစ်သည်။ (အင်တာနက်)

ချယ်လ်ဆီးကို ဦးဆောင်နေသော ကစားသမားသုံးဦး

လန်ဒန် ဇန်နဝါရီ ၁၃

ချယ်လ်ဆီးအသင်းကို မည်သည့်နည်းပြ ကိုင်တွယ်သည်ဖြစ်စေ မိမိနှင့် လမ်းပတ်၊ ဒရော့ဘာတို့သည် အသင်း၏ အောင်မြင်မှုရရှိရေး ဦးဆောင်နိုင်ခဲ့ကြောင်း အသင်းခေါင်းဆောင်ဂျွန်တယ်ရီက ပြောကြားသည်။

အောင်မြင်မှုများ

ရာသီသုံးခုအတွင်း ချယ်လ်ဆီးအသင်း နည်းပြငါးဦး ပြောင်းခဲ့သော်လည်း ကစားသမားများ၏ စည်းလုံးညီညွတ်မှုကြောင့် ချယ်လ်ဆီးသည် အောင်မြင်မှုများ ဆက်လက်ရရှိလျက်ရှိကြောင်း ဂျွန်တယ်ရီက ဆက်လက်ပြောကြားသည်။

ချယ်လ်ဆီးအသင်းကို သုံးနှစ်တာကာလအတွင်း ကိုင်တွယ်ခဲ့သော နည်းပြများမှာ မော်ရင်ဟို၊ ဂရန့်၊ စကိုလာရီ၊ ဟစ်ဒင့်နှင့် လက်ရှိနည်းပြ အန်ဆယ်လော့တီ တို့ဖြစ်ကြသည်။ **(အင်တာနက်)**

မြင့်မောင်စိုး-စုစည်းသည်

ကာလင်းဖလား အကြိုဗိုလ်လုပွဲ ရက်ရွှေ့ဆိုင်းသတ်မှတ်

လန်ဒန် ဇန်နဝါရီ ၁၃

မန်ယူနှင့် မန်စီးတီး၊ ဘလက်ဘန်းနှင့် အက်စ်တွန်ဗီလာတို့ ယှဉ်ပြိုင်ကစားကြမည့် ကာလင်းဖလား အကြိုဗိုလ်လုပွဲကို ရက်ရွှေ့ဆိုင်း သတ်မှတ်ထားသည်။

ကာလင်းဖလား အကြိုဗိုလ်လုပွဲများကို မူလက ဇန်နဝါရီ ၆ရက်နှင့် ၇ရက်တို့တွင် စတင်ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသော်လည်း ဥရောပတစ်ဝန်း ဆီးနှင်းများ ထူထပ်စွာ ကျဆင်းခဲ့သဖြင့် ပြိုင်ပွဲရက်ကို ရွှေ့ဆိုင်းသတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

ပထမအကျော့ပွဲ

ပထမအကျော့ပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၄ရက်တွင် ဘလက်ဘန်းက အိမ်ကွင်း၌ အက်စ်တွန်ဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မန်စီးတီးက အိမ်ကွင်း၌ မန်ယူကို ဇန်နဝါရီ ၁၉ရက်တွင် ပထမအကျော့ပွဲအဖြစ် လက်ခံကစားမည်ဖြစ်သည်။

လက်ခံကစား

ဇန်နဝါရီ ၂၀ရက်တွင် အက်စ်တွန်ဗီလာက အိမ်ကွင်း၌ ဘလက်ဘန်းကို ဒုတိယအကျော့အဖြစ် လက်ခံကစားမည်ဖြစ်သည်။ ဇန်နဝါရီ ၂၇ရက်တွင် မန်ယူက အိမ်ကွင်း၌ မန်စီးတီးကို လက်ခံကစားမည်ဖြစ်သည်။ (အင်တာနက်)

ဆိုးလ်ကင်းဘဲလ်အာဆင်နယ်သို့ တစ်ကျော့ပြန်

လန်ဒန် ဇန်နဝါရီ ၁၃

အင်္ဂလန်နောက်တန်းကစားသမားဟောင်း ဆိုးလ်ကင်းဘဲလ်**(ယာပုံ)**သည် မကြာမီရက်များအတွင်း အာဆင်နယ်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ၄င်းကလပ်က ပြောကြားသည်။

တစ်ပွဲသာကစား

အသက် ၃၅နှစ်ရှိ ဆိုးလ်ကင်းဘဲလ်သည် ဒီဇင်ဘာလက နော့ကောင်တီအသင်းတွင် ကစားနေချိန် အာဆင်နယ်သို့ အဆက်အသွယ်ပြုလုပ်ခဲ့သည်။ ၄င်းအား အာဆင်နယ်က ရာသီကုန်အထိ စာချုပ်ရန် မျှော်လင့်ထားသည်။ ကင်းဘဲလ်သည် ပို့စ်မောက်မှထွက်ခဲ့ပြီးနောက် နော့ကောင်တီအသင်းတွင် တစ်ပွဲသာ ကစားပေးခဲ့သည်။

ကစားပေးနိုင်

နောက်တန်းခံစစ်မှူး ဆိုးလ်ကင်းဘဲလ်သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အာဆင်နယ်တွင် ငါးနှစ်ကြာ

ကစားခဲ့ပြီး ပရီမီယာလိဂ် ဖလားနှစ်လုံး၊ အက်ဖ်အေဖလား သုံးလုံးနှင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ရန် စွမ်းဆောင်နိုင်ခဲ့သည်။ **(အင်တာနက်)**



ဘရိုင်ယန်လောအား ဘန်လေ နည်းပြအဖြစ်ခန့်ဖွယ်ရှိ

လန်ဒန် ဇန်နဝါရီ ၁၃

ဘန်လေကစားသမားဟောင်း ဘရိုင်ယန်လော**(ဝဲပုံ)**သည် ဘန်လေ နည်းပြဖြစ်လာဖွယ်ရှိကြောင်း ၄င်းကလပ်က ကြေညာသည်။

အသက် ၄၈နှစ်ရှိ ဘန်လေ ကစားသမားဟောင်း ဘရိုင်ယန်သည် ဘော်လ်တန်သို့ ထွက်ခွာသွားသော နည်းပြကွိုင်လီနေရာတွင် တာဝန်ထမ်းဆောင်ရန် မျှော်လင့်ထားသည်။ ရှက်ဖီးလ်နည်းပြဟောင်း လောသည် ဟေးလ်ဘိုရ်အသင်းကို ၁၅၄ ပွဲကိုင်တွယ်ပေးခဲ့ရာ နိုင်ပွဲ ၅၂ပွဲ၊ သရေ ၄၂ပွဲနှင့် ရှုံးပွဲ ၆၀ ရှိခဲ့သည်။ ၄င်းသည် ၁၉၇၉ ခုနှစ်က ဘန်လေသို့ ဘောလုံး သင်တန်းသား တစ်ဦးအဖြစ် ရောက်ရှိခဲ့ပြီးနောက် ဘန်လေကစားသမားအဖြစ် ပါဝင်ကစားပေးခဲ့သည်။

(အင်တာနက်)

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် ပြည်တွင်းပြည်ပ အလုပ်အကိုင် ရှာဖွေပေးနိုင်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၃

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည်သည် ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းက မန္တလေးမြို့ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (တိုင်းရုံး)၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ လှည့်လည်ကြည့်ရှု၍ ပြည်တွင်းပြည်ပ အလုပ်အကိုင်ရှာဖွေပေးနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အလုပ်ဌာနများမှ အလုပ်ကမ်းလှမ်းစာများ ပိုမိုရရှိရေး ဆောင်ရွက်ရန် နည်းလမ်းများကိုမှာကြားသည်။

စီစဉ်ဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် မြို့နယ်ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံးသို့ သွားရောက်၍ ကုန်တင်ကုန်ချအလုပ်သမားများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လူမှုဖူလုံရေးအခွင့်အရေးများ အပြည့်အဝခံစားရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

မြှင့်တင်

ထို့နောက် မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် မန္တလေးအလုပ်သမားဆေးရုံကြီး အစည်းအဝေးခန်းမ၌ မန္တလေးမြို့ရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၊ လူမှုဖူလုံရေးအဖွဲ့ရုံးခွဲနှင့် ဆေးခန်းများ၊ အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ အဖွဲ့၊ ကော်မတီရုံးများမှ တာဝန်ခံများနှင့် တွေ့ဆုံ၍ အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်ရရှိရေး၊ လုပ်ငန်းခွင်ကျွမ်းကျင်မှု မြှင့်တင်ရေး၊ အလုပ်သမားများ ဥပဒေပါခံစားခွင့်များရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင် ဆောင်ရွက်နိုင်ရေးတို့အတွက် မှာကြားကြောင်း သိရသည်။ **(သတင်းစဉ်)**

တွေ့ဆုံအားပေး

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် မန္တလေးမြို့၌ ကုန်တင်ကုန်ချ အလုပ်သမားများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပွင့်ဖြူ ကုံးကော်လမ်း ကတ္တရာလမ်းဖွင့်ပွဲကျင်းပ

ပွင့်ဖြူ ဇန်နဝါရီ ၁၃

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပွင့်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက် ကုံးကော်လမ်း ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၈နာရီက အဆိုပါလမ်းထိပ်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဌေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်တို့က ကတ္တရာလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးကြသည်။**(အောက်ပုံ)** အဆိုပါကုံးကော်လမ်းမှာ အရှည်ပေ ၆၀၀၊ အကျယ် ၁၂ပေရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် ရှင်းလင်း

နေပြည်တော် ဇန်နဝါရီ ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်သည် ဇန်နဝါရီ ၁၀ရက် နံနက်ပိုင်းက မိတ္ထီလာမြို့သို့ရောက်ရှိပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မိတ္ထီလာခရိုင် ဦးစီးဌာနမှူးရုံး၌ ခရိုင်ဦးစီးဌာနမှူး မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်၊ သာစည်မြို့နယ်များမှ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းမှာကြားသည်။

တွေ့ဆုံ

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး၌ တိုင်းဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူးနှင့် မန္တလေးတိုင်းအတွင်းရှိ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ အောင်မြေသာစံ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ ပုသိမ်ကြီးမြို့နယ်များမှ မြို့နယ်ဦးစီး ဌာနမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ စစ်ကိုင်းတိုင်း ဦးစီးဌာနမှူး၊ စစ်ကိုင်းခရိုင်ဦးစီးဌာနမှူးနှင့် မြို့နယ်ဦးစီးဌာနမှူးများအားလည်းကောင်း၊ ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ခရိုင် ဦးစီးဌာနမှူးရုံး၌ ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းမှာကြားသည်။

ရှင်းလင်းမှာကြား

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းတွင် ကျောက်ဆည်မြို့ရှိ ကျောက်ဆည်ခရိုင် ဦးစီးဌာနမှူးရုံး၌ ခရိုင်ဦးစီးဌာနမှူး၊ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ တံတားဦးမြို့နယ်များမှ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မြင်းခြံခရိုင် ဦးစီးဌာနမှူး၊ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ မြို့နယ်များမှ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်မဲ၌ စာပေဟောပြော

ကျောက်မဲ ဇန်နဝါရီ ၁၃

ကျောက်မဲမြို့နယ် စာပေမြတ်နိုးသူများနှင့်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က စုစည်းကျင်းပသော စာပေဟောပြောပွဲကို ဒီဇင်ဘာ၂၅ရက်ညဂနာရီက မြို့ကျက်သရေဆောင်ခန်းမ၌ကျင်းပရာ စာရေးဆရာများဖြစ်သော မောင်စူးစမ်း၊ကျော်ဝင်းနှင့် နေဇင်လတ်တို့က စာပေရေးရာများ ဟောပြောကြရာ ဒေသခံစာပေ ပရိသတ်များ တက်ရောက်ကြသည်။

(စာပေစာနယ်ဇင်း)

ဇန်နဝါရီ ၄ရက်က (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက်အတွင်း ၁၅နှစ်အောက် ဘောလုံးပြိုင်ပွဲ ကျင်းပရာ ပထမဆုရရှိသော စက်ဘီးစက်ရုံမိသားစု ဘောလုံးအသင်းအား ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြဲခိုင်ထွန်းက ဒိုင်းဆုပေးအပ်စဉ်။ (၁၇၂)

စက်မှုတက္ကသိုလ် မြို့ပြကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

၁၉၈၇ နှင့် ၁၉၉၁ ခုနှစ် စက်မှုတက္ကသိုလ်(မြို့ပြ)ကျောင်းဆင်းကျောင်းသားဟောင်းများ၏ပဉ္စမအကြိမ်မြောက်အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၃ရက်(စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေအတွင်းရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(MES) ခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ခံဆရာကြီး ဆရာမကြီးများ နှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ပူဇော်ပွဲအတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ကိုသန်းဝင်း ဖုန်း-၀၉-၅၀၁၇၄၂၅၊ ကိုကိုထွေး ဖုန်း-၀၉-၅၁၇၉၁၁၀၊ ကိုကိုအေး ဖုန်း-၀၉-၅၁၁၉၀၇၀၊ ဒေါက်တာဉာဏ်မြင့်ကျော် ဖုန်း-၀၉-၅၀၃၃၅၈၊ ကိုဌေးဝင်း ဖုန်း-၀၉-၅၀၄၇၃၆၀၊ ကိုစန်းကြူ ဖုန်း-၀၉-၅၀၅၂၂၀၀၊ ကိုအောင်ကျော်လွင် ဖုန်း-၀၉-၂၀၄၄၂၀၄၊ ကိုခင်ဇော်ဝင်း ဖုန်း-၀၉-၂၀၀၂၃၈၃၊ မချိုချိုသင်းကြည် ဖုန်း-၆၄၄၉၈၇နှင့် မရီရီခင် ဖုန်း-၀၉-၅၀၀၃၂၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သင်တန်းဖွင့်

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(လှိုင်မြို့နယ်)၏ လူငယ်ထုအတွင်း HIV/AIDS ကူးစက်မှုကာကွယ်ရေးအတွက် ဘဝတစ်သက်တာကျွမ်းကျင်မှု အခြေခံပညာပေးသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ၁၁ရက်က လှိုင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို) ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးစံသိန်းက သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။ (၁၂၈)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ခုနှစ်၊ ပြာသိုလကွယ်နေ့ (ဥပုသ်နေ့)
၁၄-၁-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၅	၇။	အကပဒေသာ
၈:၃၀	၈။	တေးဂီတအစီအစဉ်
၈:၄၀	၉။	International News
၈:၄၅	၁၀။	နှောင်းနှောင်တ

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	အဆိုပြိုင်ပွဲ
၄:၂၀	၃။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၃၀	၄။	တေးဂီတအစီအစဉ်
၄:၄၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၅၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၁၅	၈။	တေးဂီတအစီအစဉ်
၅:၂၅	၉။	**ဇမ္ဗူဒီပါမှာထွန်းတဲ့ကျွန်း** လွင်မိုး၊ ခန့်စည်သူ၊ မင်းဦး၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-မောင်သီ)
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၁၅	၁၁။	မိုးလေဝသအခြေအနေ
၆:၂၀	၁၂။	ပျော်ရွှင်စေသောနေ့ရက်များ **ဈေးသည်** (အပိုင်း-၈) မိုးမိုး၊ သဇင် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၃၅	၁၃။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ**(အပိုင်း-၁)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၈)
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၁၂)
	၂၀။	မင်းကွန်းဆရာတော်ကြီး၏ အရုပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
	၂၁။	အစီအစဉ်ပြီး၏။

ဇန်နဝါရီ ၅ရက်ကကျင်းပသော ကျောက်တန်း အထက(၂) (သော်ကကျောင်း) ပညာရေးစုံညီပွဲတော်တွင် ကျောင်းသား ကျောင်းသူလေးများက ဇာတ်မာန်သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။ (၁၁၅)

(၁၅)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၃

၂၀၀၉ခုနှစ် (၁၅)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အားကစားပြိုင်ပွဲရုံ၌ကျင်းပရာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်နှင့် တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ အတန်းလိုက်ပြိုင်ပွဲများတွင် အနိုင်ရရှိသူများအား မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အမှုဆောင်များနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့်ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆုများချီးမြှင့်

ထို့နောက် ပန်ကြပ်ဆီလပ်(လက်အတိုက်)ပြိုင်ပွဲ၊ ဓားအတိုက်ပြိုင်ပွဲ၊ စွမ်းရည်ပြပြိုင်ပွဲများတွင် တံခွန်စိုက်ဒိုင်းဆုရရှိပြီး ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့သိုင်းပြိုင်ပွဲတွင် စွယ်စုံတံခွန်စိုက်ဒိုင်းဆု ရရှိသွားသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်က တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်)**

ISO 9001:2000
ဦးသာချင် သွက်ချာပါဒ လေဝန်းဆေးပြား

ကျေးဇူးတင်ရှိခြင်း

ကျွန်တော် ကျွန်မတို့၏ ၁၀-၁-၂၀၁၀ရက်တွင် Traders Hotel (Myanmar Ballroom)ခန်းမ၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲတွင် မေတ္တာဖြင့် မင်္ဂလာပန်းအလှဆင်ပေးသော နီနီ(ပွိုင့်)အား အထူးကျေးဇူး တင်ရှိပါကြောင်း။

ဗိုလ်တေဇလွင်-မသစ်သစ်စံ။

(နှင်းကြာဖြူ) မော်တော်ယာဉ်ထုတ်လုပ်ရေးမိသားစု၏ အလှူဒါန

ဦးသန်းထွန်း(နှင်းကြာဖြူ) မော်တော်ယာဉ်ထုတ်လုပ်ရေးမိသားစုက မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၃၄)အား လစဉ်တရားစခန်းပွဲပြုလုပ်နိုင်ရန် အကြီးစားဘက်စုံမွမ်းမံပြင်ဆင်ခြင်းနှင့် ငွေပဒေသာပင် စိုက်ထူခြင်းလှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ မင်္ဂလာအခမ်းအနားကို ကျုံနတွေက်ရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း၌ ၁၇-၁-၂၀၁၀ရက်တွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် နှင်းကြာဖြူမော်တော်ယာဉ်ဝယ်ယူအားပေးသူများ ကျွန်ုပ်တို့နှင့်အတူ ထပ်တူထပ်မျှ ကုသိုလ်ရ၍ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြပါစေ-

ဦးသန်းထွန်း
(နှင်းကြာဖြူ)မော်တော်ယာဉ်ထုတ်လုပ်ရေးမိသားစု။

PCM Scaffolding
သင်တန်းသားများအတွက် နေရာထိုင်ခင်းပေးသည်။
Tel: 392 233 / 377 576 / 386 877 / 385 758, Website: www.tksstkss.com

သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

အမည်ပြောင်း

မင်္ဂလာဒုံမြို့နယ်နေ ဦးအောင်တိုးညွန့် ၁၂/သကတ(နိုင်) ဝ၉၁၇၉၁၏သား အထက(၃)အင်္ဂမတန်းမှ မောင်စည်သူဖြိုး အား မောင်သော်ဇင်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်သော်ဇင်ဖြိုး။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၆(အေ)၊ မြေကွက်အမှတ် ၉၅၊ မြေကွက်တည်နေရာ အမှတ်၇၄၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ် ဒေါ်မြနွယ် အမည်ပေါက် ဂရန်ရှိမြေပိုင်မြေအား ဦးအောင်မြင့် ၁၂/ပဘတ(နိုင်) ဝ၁၇၇ဝ၃ က အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်း စာချုပ်အမှတ် ၂၀၆၃/၂၀၀၆ (၂၄-၈-၂၀၀၆) နှင့်အရောင်းအဝယ်စာချုပ်အမှတ် ၅၅၈/၂၀၀၇ (၁၀-၁-၂၀၀၇) တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ။

သာကေတမြို့နယ် အမက(၃၂)တွင် ဇန်နဝါရီ ၃ရက်က ကျင်းပသော ပညာရည်ချွန်ဆုပေးပွဲ၌ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မဂရေ့စ်အက်စတာမာန်အား ကျောင်းအုပ်ဆရာမကြီးက ဆုချီးမြှင့်နေစဉ်။ (ပညာရေး)



ဇန်နဝါရီ ၉ရက်က ကျင်းပသော ၂၀၀၈-၂၀၀၉ ပညာသင်နှစ် အထက(၁) ဗဟန်း မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးပွဲနှင့် ပညာရည်ချွန်ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားတွင် အင်္ဂမတန်းမှ ကျောင်းသားကျောင်းသူကလေးများက အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ (ပညာရေး)

ယူကလစ်စိုက်ခင်း ဖြစ်ထွန်းမှု ညွှန်ကြားရေးမှူး စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၃

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနက ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ၂၀၀၉-၂၀၁၀ မိုးရာသီ၌ စိုက်ပျိုးခဲ့သော တစ်ရွာ တစ်ဧက ယူကလစ် စိုက်ခင်းဖြစ်ထွန်းမှုအခြေအနေကို ဒီဇင်ဘာ ၂၉ရက်က ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ပန်းအလှပြင်နှင့် သစ်သီးအလှပြင် သင်တန်းများ တက်ရောက်နိုင်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၀)ကို ဇန်နဝါရီ ၂၂ရက်မှ ၂၉ရက်အထိ လည်းကောင်း၊ သစ်သီးအလှပြုပြင်မှု (Fruit Curving) သင်တန်းအမှတ်စဉ် (၁/၂၀၁၀)ကို ဖေဖော်ဝါရီ ၁ရက်မှ ၁၀ရက်အထိလည်းကောင်း နေ့စဉ်မွန်းလွဲ ၁နာရီမှ ညနေ၃နာရီအတွင်း သင်တန်းသား သင်တန်းသူ ၅၀စီဖြင့် ဖွင့်လှစ်ရန်စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် သင်တန်းတစ်ခုလျှင် ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၁၇၃)

မီးဘေးကြိုတင်ကာကွယ်ရေး သုံးခွမြို့တွင် သရုပ်ပြလေ့ကျင့်

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက်အသီးသီးမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဇန်နဝါရီ ၉ရက်က မြို့နယ်စည်ပင်သာယာရေးရုံးရှေ့၌ ကျင်းပသည်။ **(အောက်ပုံ)**

လက်တွေ့သရုပ်ပြ

ယင်းသို့လေ့ကျင့်ရာတွင် မီးသတ်ကားသုံးစီး၊ မြို့နယ်စည်ပင်မှ ရေသယ်ယာဉ်တစ်စီးနှင့် အပေါ့စားမီးသတ်စက် ရှစ်လုံး၊ မြန်မာသီဟကုမ္ပဏီမှ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့သရုပ်ပြ လေ့ကျင့်မှုများပြုလုပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မူခင်းကျူးဆင်းရေး ပညာပေးဟောပြောပွဲ လှိုင်သာယာ၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့၏ မူခင်းကျူးဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၃ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ခင်မောင်စိန်က အမှုအခင်းများနှင့် စပ်လျဉ်း၍ ပြည်သူအများသိရှိနိုင်ရန် ထပ်ဆင့်အသိပညာပေးနိုင်ရေး ဟောပြောပြီး မြို့နယ်တရားသူကြီး ဦးအောင်မြင့်သန်းက တရားစီရင်ရေးနှင့်ပတ်သက်သည့်အကြောင်းအရာများကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးသန်းဝင်းက ဥပဒေရေးရာ အကြောင်းအရာများကို လည်းကောင်း အသီးသီးဟောပြောကြသည်။

အခမ်းအနားသို့ မြို့နယ်စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာအသီးသီးမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကာ အမှတ်(၅)နှင့် အမှတ်(၁၁)ရပ်ကွက်တို့တွင် မူခင်းကျူးဆင်းရေး အသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပသည်။ **(ဝ၉၇)**

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ သတ္တမအကြိမ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ရက် (စနေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းအားကစားကွင်းအတွင်းရှိ M3 Food Center (Diamond Hall)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံးနှင့် ရန်ကုန်မြို့ရောက် ကြံခင်းသူ ကြံခင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးသုံးဘာသာအထက် ရရှိကြသည့် အသင်းဝင်များ၏ သားသမီးများအမည်စာရင်းနှင့် အကြံပြုစာများကို ဇန်နဝါရီ ၂၀ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) ဖုန်း-၀၁-၆၃၆၇၈၀၊ အတွင်းရေးမှူး ဦးစိန်ငွေး ဖုန်း-၀၁-၆၆၃၄၈၉၊ ၀၉-၅၁၃၂၁၅၈၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ဖုန်း-၀၁-၅၄၁၀၆၅နှင့် အလုပ်အမှုဆောင် ဒေါ်အေးအေးညွှန့် ဖုန်း-၆၄၆၅၇၁တို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အထက(၁)တာမွေ(၁၉၇၂-၁၉၇၃)ဝန်းကျင် တပည့်ဟောင်းများ၏(၁၅)ကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ရက်က ပင်လုံခန်းမ၌ ကျင်းပရာ အသက် ၉၆နှစ်ရှိ ဆရာမကြီး ဒေါ်လှတင်အား တပည့်ဟောင်းများက ဂါရဝပြုလက်ဆောင်ပစ္စည်းနှင့် လှူဒါန်းငွေများ ပေးအပ်ကန်တော့ကြစဉ်။ (၁၇၁)

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား

တောင်ငူခရိုင် ထန်းတပင်မြို့နယ် လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပ

ထန်းတပင် ဇန်နဝါရီ ၁၀

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၄ နာရီ ၁၅ မိနစ်က တောင်ငူခရိုင် ထန်းတပင်မြို့နယ် လွတ်လပ်ရေးကျောက်တိုင်ရှေ့ မျက်နှာစာကွင်းပြင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

သဝဏ်လွှာဖတ်ကြား

အခမ်းအနားကို နံနက် ၇နာရီ၌ အဆိုပါကျောက်တိုင်ရှေ့၌ ဆက်လက်ကျင်းပရာ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်က ဖတ်ကြားသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

အထက(၁) ရန်ကင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

အထက(၁)ရန်ကင်း ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၉၆၂-၁၉၈၂) ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြပြီး ယနေ့တိုင် သက်ရှိထင်ရှားရှိလျက် သက်ပြည့်အငြိမ်းစားယူခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား နှစ်စဉ်မပျက် (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် အထက(၁) ရန်ကင်း သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အာစရိယပူဇော်ပွဲကျင်းပမည့်ရက်တွင် မပျက်မကွက် တက်ရောက်ပါရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဦးဇေယျကို (ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၆၇၅၅၆၊ ဗိုလ်ကြီးတင်မောင်အေး(ငြိမ်း) ဖုန်း-၀၉-၅၂၀၀၂၀၀၊ ဦးအောင်ခိုင် ဖုန်း-၅၇၀၀၈၉၊ ဦးကျော်နိုင်ဝင်း ဖုန်း-၀၉-၈၀၃၃၄၆၁၊ ဦးစိုးမြင့် (အတွင်းရေးမှူး) ဖုန်း-၀၉-၅၀၆၃၈၈၉၊ ဦးခင်မောင်လှိုင် ဖုန်း-၀၉-၅၀၄၀၉၉၇၊ ဒေါ်ခင်မြတ်သက် ဖုန်း-၀၉-၈၀၂၄၉၃၀ နှင့် ကျောင်းအုပ်ဆရာကြီး အထက(၁)ရန်ကင်း ဖုန်း-၅၅၇၅၀၆ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

ပျော်ဘွယ်မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၃၀ရက်က အငြိမ်းစား အထက်တန်းပြဆရာ ဦးမျိုးဆက်အား ရည်စူး၍ ဇနီး ဒေါ်စန်းစန်းမွန် (သူနာပြု-ငြိမ်း)နှင့် မိသားစုတို့က ပြည်သူ့ဆေးရုံ ဆေးပဒေသာပင် ရန်ပုံငွေအဖြစ် ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းလွင် လက်ခံယူစဉ်။

(မြို့နယ် ပြန်/ဆက်)

၂၀၁၀ခုနှစ် (၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာပျော်ပွဲရွှင်ပွဲ၊ အားကစားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက်က သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၅)ရပ်ကွက်၌ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်ထွန်းက ပထမဆုရ ပိုက်ကျော်ခြင်းခတ်အဖွဲ့အား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

စာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်ပွဲကျင်းပ

ယင်းမာပင် ဇန်နဝါရီ ၁၁

မုံရွာခရိုင် ယင်းမာပင်မြို့နယ် လာဘို့ကျေးရွာ၌ မြတ်ရွှေရောင်စာကြည့်တိုက် ဆောက်လုပ်ရန် ပန္နက်တင်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်မြေနေရာ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်မြင့်ဆွေတို့က ပန္နက်တင်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက် ဆောက်လုပ်ရေးကော်မတီဝင်များနှင့်တွေ့ဆုံပြီး စာကြည့်တိုက်အဆောက်အအုံကို သတ်မှတ်ပုံစံနှင့်အညီ ဆောက်လုပ်ရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို ဆွေးနွေးမှာကြားသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ပုသိမ် အထက(၅) ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပ

ပုသိမ် ဇန်နဝါရီ ၁၂

ပုသိမ်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၅ ရက်က ပင်လုံခန်းမဆောင်၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစန္ဒာမြငြိမ်း **(အပေါ်ပုံ)**နှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးစိုးမြင့်၊ ကျောင်းသားဟောင်းများအဖွဲ့ဥက္ကဋ္ဌ ဦးစောဂျိမ်း(ပြည်နယ်ပညာရေးမှူး၊ ငြိမ်း)နှင့် မိဘဆရာအသင်းဥက္ကဋ္ဌ ဦးစောဘွေထူးတို့က အမှာစကားများ ပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူတို့က ဆုများအသီးသီးချီးမြှင့်ကြပြီး ကျောင်းသားကျောင်းသူလေးများက ခေတ်ငါးခေတ် အမျိုးသမီးဆင်ယင်ထုံးဖွဲ့ပြိုင်ပွဲဖြင့် ပြသဖျော်ဖြေသည်။ (၁၅၇)

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော အေးချမ်းသာယာရပ်ကွက် စန္ဒာလမ်းဂဝံလမ်းသစ် ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၇ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ငါန်းဇွန်မြို့နယ်၌ ကျင်းပ

ငါန်းဇွန် ဇန်နဝါရီ ၁၀

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် မိုးတောင်ကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ရက် နံနက် ၈ နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နီလာစိုးနှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လွင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ဦးစီးမှူးတို့က ရေဒီယိုနှင့် သုတ၊ ရသစာအုပ်မျိုးစုံကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်မှူးတို့က လက်ခံယူကြသည်။

ရှင်းလင်းဆွေးနွေး

အဆိုပါ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုးက ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နမ့်ခမ်းမြို့နယ် ညောဝတီလမ်း အကျယ် ၁၂ ပေ၊ အရှည်ပေ ၁၉၂၀၊ ထုခုနစ်လက်မ ကျောက်ချောလမ်းခင်းမှုကို ဒီဇင်ဘာ ၂၈ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညွန့်ရွှေတို့က ရှင်းလင်းတင်ပြကြစဉ်။ (၁၂၃)

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၃၆၉၇၆၄ ယာဉ်လက်ဝယ်ရှိသူ ဦးချစ်တော ၉/မရတ(နိုင်)၀၈၂၅၀၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/ ၄၃၂၄၃ Honda C90 Custom Cmv ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မျိုးမြင့် ၉/မနမ(နိုင်) ၀၈၈၀၉၃ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၁၃၈၆၅၆ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လတ် ၅/ရဘန(နိုင်)၁၃၀၂၇၃က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ ရွှေဘိုမြို့။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၄၅၀၆၉ယာဉ်လက်ဝယ်ရှိသူ ဦးစိန်အုန်းလှိုင် ၉/မခန(နိုင်) ၀၂၇၁၇၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊(ခရိုင်ရုံး)၊ (မြင်းခြံမြို့)။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၄၆၈၄ Taunggyi Jeep TGT .001 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းသန်းအောင်ကျော် ၉/မရတ(နိုင်)၀၃၄၇၀၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၉၂၇၆၅ 7 Star 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှ ၉/မရတ(နိုင်)၀၇၂၅၉၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၀၉ ခုနှစ် တရားမဇာရီမှုအမှတ်-၄၆

ဦးမြင့် **နှင့်** ဒေါ်မိုးမိုးလွင်

တရားနိုင် **တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ်-၂၇၁/၀၇ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၁၅ရက် နံနက် ၁၀နာရီအချိန်တွင် ၄င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ အောင်သုခလမ်း (၂၀)၊ အမှတ် (၁၁၁၃)နေအိမ်နှင့် အကျိုးခံစားခွင့်အားလုံး (ခေါင်းရင်းခြမ်း)။

ကြမ်းခင်းဈေး ကျပ်သိန်း ၈၀တိတိ။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှက် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

(၄) လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

(၅) လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

(၆) လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

(၇) လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၀ခုနှစ် ဇန်နဝါရီ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

ဇော်ထူး
ဒုတိယခရိုင်တရားသူကြီး(၁)
အရှေ့ပိုင်းခရိုင်တရားရုံး
ရန်ကုန်။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ယ/ ၅၃၈၅၇ Yamaha DT 125 R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြိုင် ၉/မရမ(နိုင်)၀၈၂၇၆၅ ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

ဒေါ်ဝင်းယုမော် ၈/နမန(နိုင်)၀၉၃၈၄၇ သိစေရန်ကြေညာချက်ကို အမှန်တရားများအတိုင်း တုံ့ပြန်သတိပေးကြေညာချက်

၂၃-၁၂-၂၀၀၉ရက်တွင် ရွှေပြည်တိုးသံရည်ကျိုလုပ်ငန်း(စက်ရုံ)နှင့် ဒေါ်ဝင်းယုမော်တို့သည် ငွေကြေးကိစ္စ၊ ရုံးကိစ္စအားလုံး ရှင်းလင်းပြီးသည့်အပြင် ၂၉-၁၂-၂၀၀၉ရက်တွင် အင်းစိန်မြို့နယ်၊ အလုပ်သမားကြီးကြပ်ရေးကော်မတီရုံး၌ အမှုအမှတ်-၄၇/၀၉ သဘောတူညီချက်မှတ်တမ်း/ စာချုပ်ရှိကာ ဒေါ်ဝင်းယုမော်အမည်ထားရှိ ဝယ်ယူထားသော မော်ဘီမြောင်းတကာ စက်မှုဇုန်မြေနေရာကို နိုင်မွန်သံရည်ကျိုလုပ်ငန်းရှင်၏ဇနီး ဒေါ်ခိုင်ခိုင်ဝင်းအမည်ဖြင့် လွှဲစေ၍ လက်မှတ်ရေးထိုးပေးခဲ့ပါသည်။ ထိုနေ့နောက်ပိုင်း လုပ်ငန်းဆောင်ရွက်မှုမရှိကြောင်း ကောင်းစွာသိရှိပါလျက်လည်းကောင်း၊ ငွေကြေးကိစ္စများလည်း ရှင်းလင်းပြီးပါလျက်နှင့်လည်းကောင်း၊ ရှင်းလင်းမှုမရှိသေးဟု လူမှုဘဝဂုဏ်သိက္ခာ ထိပါးနစ်နာစေရန် မမှန်မကန်ဖန်တီးကြေညာခြင်းကို ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်နောက်ဆုံးထား၍ ဝန်ချတောင်းပန်ကြေညာခြင်းပြုရန် ပျက်ကွက်လျှင် တရားဥပဒေများအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တုံ့ပြန်သတိပေး ကြေညာအပ်ပါသည်။

ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ-

ဒေါ်နန့်ရှူဂေးခလိန်	**ဦးမြသိန်း(ပုဇွန်တောင်)**
ဥပဒေဘွဲ့ရ၊ အထက်တန်းရှေ့နေ	**ဥပဒေဘွဲ့ရ၊ တရားရုံးချုပ်ရှေ့နေ**
(စဉ်-၂၂၀၃၅)	**(စဉ်-၆၅၁၇)**

ရုံးအမှတ်-၅၁(မြေညီ)၊ ၄၂လမ်း၊ (၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၈၃၆၉။

ကျေးဇူးအထူးတင်ရှိခြင်း

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာနှင့် ပဲခူးတိုင်း၊ ဖြူးမြို့၊ ပင်စင်လမ်း၊ မဟာစည်သာသနာ့ရိပ်သာတို့၏ ဦးစီးပဓာန နာယက ကျေးဇူးတော်ရှင် ဘဒ္ဒန္တနရပတိ(ဖြူးဆရာတော်) သက်တော် (၆၉)နှစ်၊ သိက္ခာတော် (၄၉)ဝါ၊ သာသနဓဇဓမ္မာစရိယ၊ ဓမ္မကထိကဗဟုဇနဟိတဓရကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်း၊ ပြည်ပမဟာစည်နာယက ဆရာတော်ကြီး၏ ၃၀-၁၁-၂၀၀၉ရက်(တနင်္လာနေ့)တွင် ရန်ကုန်မြို့၌ကျင်းပသော အန္တိမအဂ္ဂိဈာပနသာဓုကီဠနပူဇာသဘင် အခမ်းအနားသို့ လိုက်ပါပို့ဆောင်ပေးတော်မူကြသော အဘက်ဘက်မှ ညှိနှိုင်းတာဝန်ယူစီစဉ်ပေးသော ဌာနဆိုင်ရာအကြီးအကဲများ၊ အမှတ်(၃)စစ်ဒေသမှူး၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ လှိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အရှေ့ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်)များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)၊ ဓမ္မမိတ်ဆွေအဖွဲ့၊ ဗုဒ္ဓဓမ္မသံဃအကျိုးဆောင်အဖွဲ့များ၊ ၈-၁၂-၂၀၀၉ရက်(အင်္ဂါနေ့)တွင် ဖြူးမြို့၌ ကျင်းပသော သရီရဓာတ်ပြာရေမျှောပူဇော်ပွဲ အခမ်းအနားတွင် ကြီးကြပ်လမ်းညွှန်မှုပေးကြသော ပုဂ္ဂိုလ်များ၊ တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနပေါင်းစုံမှ ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဓမ္မစကြာအဖွဲ့များ၊ ဖြူးဆရာတော်မကျန်းမာစဉ်မှစ၍ အထူးဂရုစိုက် ဆေးကုသစောင့်ရှောက်မှုပေးကြသော အထူးကုဆရာဝန်ကြီးနှင့်အာရုတော်ဝင်အထူးကုဆေးခန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗန်ကောက်မြို့(Praram-9) ဆေးရုံမှ တာဝန်ရှိ ဆရာဝန်ကြီးများနှင့် သူနာပြုများ၊ လေယာဉ်ခရီးစဉ်များ အဆင်ပြေအောင် စီစဉ်ပေးသော ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် ဌာနဆိုင်ရာများ၊ သံရုံးအရာရှိများ၊ သတင်းမေးလိုက်ပါပို့ဆောင်ပေးကြသော နိုင်ငံတစ်ဝန်းလုံးရှိ ဖြူးဆရာတော်၏ တပည့်၊ သံဃာ၊ ဒါယကာ၊ ဒါယိကာမများ၊ ဗီဒီယိုနှင့်သတင်းဓာတ်ပုံ ရိုက်ကူးရေးအဖွဲ့များ၊ သတင်းဂျာနယ်များ၊ လုပ်အားဒါနများဖြင့် နေ့ရောညပါ ကူညီပေးကြသော လူပုဂ္ဂိုလ်များ၊ နိုင်ငံကျော်အဆိုတော် ဒေါ်ရီရီသန့်၊ ဒေါ်ခင်စိုးဝင်းအဖွဲ့နှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ဂေါပကအဖွဲ့
မဟာစည်သာသနာ့ရိပ်သာ
လှိုင်မြို့နယ်၊ ရန်ကုန်မြို့နှင့် ဖြူးမြို့။

ဦးသောင်းဦးလွင်(မန်နေဂျင်းဒါရိုက်တာ) ၁၂/သကတ(နိုင်)၀၄၁၂၄၂ ပြည်မြန်မာဆောက်လုပ်ရေးသိစေရန်

ကျွန်ုပ်ဦးစိုးထွဋ် ၁၂/တမန(နိုင်)၀၃၂၃၈၁ပိုင်ဆိုင်သည့် ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄-C)၊ မြေကွက်အမှတ်(၈ B ၄-၁၈ I ၁-၁)၊ ဇရိယာကေ ဝဒသမ ၁၃၃ကေရှိ အမှတ်(၂၄၈-B)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့မြေကွက်ပေါ်တွင် ဦးစိုးထွဋ်က ပြည်မြန်မာဆောက်လုပ်ရေးနှင့် ရှစ်ထပ်တိုက်တစ်လုံး၊ ခြောက်ထပ်တိုက်တစ်လုံး သဘောတူညီပြီးဆောက်လုပ်ရာ သဘောတူညီသည့်အတိုင်း အဆောက်အအုံများ ဆောက်လုပ်ပြီးစီး၍ သက်ဆိုင်ရာရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ၁၇-၁၂-၂၀၀၉ ရက်စွဲပါ စာအမှတ် ၁၅၅၉/၀၄၆၀ဖြင့် အဆောက်အအုံပြီးစီးကြောင်း ခွင့်ပြုစာများ ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

နှစ်ဖက်သဘောတူညီထားသော မြေရှင်နှင့်ကန်ထရိုက်၏စာချုပ်အတိုင်း ပြီးဆုံးခဲ့ပြီးဖြစ်၍ ကန်ထရိုက်တာဖြစ်သူ ဦးသောင်းဦးလွင် ၁၂/သကတ(နိုင်)၀၄၁၂၄၂ ပြည်မြန်မာဆောက်လုပ်ရေးက ကျွန်ုပ်ထံမှရယူထားသည့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများကို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပြန်လည်အပ်နှံပါရန်နှင့် ဦးသောင်းဦးလွင်အား လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာ (လူနေခွင့်လျှောက်ထားရန်ကိစ္စ)ကို ဤကြော်ငြာပါသည့်ရက်မှစ၍ ဖျက်သိမ်းပါကြောင်း ကြော်ငြာအပ်ပါသည်။

မြေပိုင်ရှင် ဦးစိုးထွဋ်
၁၂/တမန(နိုင်)၀၃၂၃၈၁။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း(၃) မြေကွက်ရရှိသူ ဗိုလ်ကြီးလှိုင်ဘွား(စီ-၁၂၆၃)၊ ဗိုလ်ကြီးကျော်သိန်းဆိုင်(စီ-၁၂၆၄)၊ ဗိုလ်ကြီးရဲရင့်နိုင် (စီ-၁၂၆၅) မြေကွက်ပိုင်ဆိုင်သူ သုံးဦးထံမှ ဖော်ပြပါမြေကွက်သုံးကွက်အား ကိုယ်စားလှယ်လွှဲအပ်ထားသော ဒေါ်နန်းသီ ၉/မအရ (နိုင်)၀၄၄၃၃၇ထံမှ ကျွန်တော် ဦးထင်လင်းနိုင် ၇/တငန(နိုင်)၀၈၉၅၆၀သည် နှစ်ဦးသဘောတူ ညှိနှိုင်းဈေးဖြင့် ဝယ်ယူရာတွင် စရန်ငွေကျပ်သိန်း ၅၀ (ကျပ်သိန်းငါးဆယ်)ပေးအပ်ပြီး ဖြစ်ပါသည်။ အကျိုးခံစားခွင့်ရှိသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း အောက်ပါလိပ်စာသို့ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးထင်လင်းနိုင်
၇/တငန(နိုင်)၀၈၉၅၆၀
အမှတ်(၇)ရပ်ကွက်၊ ဆေးရုံဟောင်းလမ်း
တောင်ငူမြို့။

ပြိုင်ကားလှလှရောင်းမည်
တိုယိုတာစူပရာ
၈က/…ပိုင်ရှင်ကိုယ်တိုင်
ဆေး၊ ဘော်ဒီ ပင်ကိုအတိုင်း
ဖုန်း-၅၇၂၁၈၄။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၉၉၈၀၂ Harnedar 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးကျော်နိုင် ၉/ခမစ(နိုင်)၀၁၇၆၂၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

ကျောက်တန်းမြို့ စံချိန်မီ ရပ်ကွက် မူလတန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ စတုတ္ထတန်းကျောင်းသူ မလင်းကျွန်ြာထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဆွေက ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

ဇန်နဝါရီ ၇ရက်က သာယာဝတီခရိုင်မြေစာရင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ သာယာဝတီခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ် မြေစာရင်းဦးစီးဌာနမှူးများ၊ ကွင်းဝန်ထမ်းများအား ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ လယ်ယာကဏ္ဍကိန်းဂဏန်းစာရင်းများ မှန်ကန်စွာကောက်ယူရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

(ခရိုင် ပြန်/ဆက်)

သာယာလှပရေး

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံသာယာလှပရေး ဆောင်ရွက်ထားမှု အခြေအနေကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဟန်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အားကစားလ စုပေါင်းလမ်းလျှောက်ပွဲ တန့်ယန်း၌ဆင်နွဲ

တန့်ယန်း ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ဒီဇင်ဘာ အားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ပထမပတ်လှုပ်ရှားဆောင်ရွက်မှုကို ဒီဇင်ဘာ ၅ရက် နံနက် ၅နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိသားစုများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အခြေခံပညာ ကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်ကွက်များမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူများ ပါဝင်ဆင်နွဲကြသည်။

အဆိုပါစုပေါင်းလမ်းလျှောက်ပွဲကို နံနက် ၅နာရီတွင် အောင်မင်္ဂလာရင်ပြင်မှ စတင်တာထွက်ကာ ဗိုလ်ချုပ်လမ်း အမှတ်(၂)ရပ်ကွက်လမ်းမှ မြို့ပတ်လမ်း၊ အမှတ်(၅)ရပ်ကွက်လမ်းမှ အောင်မင်္ဂလာရင်ပြင်သို့ ပြန်လည်ပန်းဝင်လာပြီး ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

မြန်မာနိုင်ငံတွင် အရှည်ဆုံးတံတားကြီးအဖြစ် အသစ်ပေါ်ပေါက်လာတော့မည့် ရေဝတီတံတား(ပခုက္ကူ)

ရေဝတီတံတား (ပခုက္ကူ) စီမံကိန်း၏ လက်ပန်ခြေပေါ်ဘက်ကမ်း လုပ်ငန်းခွင်ကို ဤသို့ တွေ့ခဲ့ရသည်။ ဓာတ်ပုံမှတ်တမ်း-မိုးမြင့်လှိုင်

နေပြည်တော် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ အသင်းဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး တောင်အာရှနိုင်ငံများဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံလည်းဖြစ်၍ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စသည်တို့နှင့်လည်း စီးပွားရေး ပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

ထို့ကြောင့် ထိုင်း၊ လာအို၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့်ဆက်သွယ်မည့် အာရှနှင့် အာဆီယံလမ်းမကြီး၊ ဘင်းမ်စတက်လမ်းမကြီး၊ မဲခေါင်မြစ်ဝှမ်းဒေသ အရှေ့၊ အနောက်၊ တောင်၊ မြောက် စီးပွားရေးဇုန်လမ်းမကြီးများနှင့် အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံနှင့် အိန္ဒိယ၊ မြန်မာနှစ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မည့် လမ်းမကြီးများအပြင် ပလက်ဝနယ်စပ် ကားလမ်းဖောက်လုပ်ရေး၊ ကုလားတန်မြစ်ကြောင်း ပြုပြင်ရေး စသည့်စီမံကိန်းများ ရှိသည်။ *စာမျက်နှာ ၉ ကော်လံ ၂* ●

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ပါလျှင် အူမကြီးကင်ဆာဖြစ်ပွားမှု လျော့ကျနိုင်ဟုဆို

နေ့စဉ်ကိုယ်လက်လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်းသည် အူမကြီး ကင်ဆာဖြစ်ပွားမှုကို လျော့ကျစေနိုင်ကြောင်း ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်မှုကြောင့် အီရတ်နှင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ (၄) နှင့် (၅)တွင် ဖော်ပြထားပါသည်။

သတင်းဆောင်းပါး	-	ခရမ်းစိုးမြင့်
ဓာတ်ပုံမှတ်တမ်း	-	မိုးမြင့်လှိုင်
စာမျက်နှာဖွဲ့စည်းမှု	-	မိုးမိုးအောင် (မြန်မာ့အလင်း)

ယနေ့ သာယာမည်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။